ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့ (12-3-2012) (၇၀၆၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

တွေ့ဆုံမှာကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ယနေ့ဆိုလျှင် ရှမ်းပြည်နယ်ကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရှိပြီး အတိုင်းအတာတစ်ခုအထိ တည်ငြိမ်အေးချမ်းနေ တိုင်းရင်းသားအားလုံးသည် နိုင်ငံတစ်နိုင်ငံအတွင်း အမိုးအကာတစ်ခုတည်းအောက်တွင် အတူနေသည့် မိသားစုဝင်များဖြစ် နားလည်ယုံကြည်မှုအပြည့်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် အချိန်ကျရောက်ပြီ

နေပြည်တော် မတ် ၁၁

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၁၀ ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမသို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ တောင်ကြီးမြို့မှ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားများက လှိုက်လှဲပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြို့တော်ခန်းမသို့ရောက်ရှိပြီး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်ကြီးမြို့ရှိ တက္ကသိုလ်/ကောလိပ်များမှ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၁၂-၃-၂၀၁၂[တနင်္လာနေ့]။

တန်ဖိုးရှိလှလူ့ဘဝ အကျိုးရှိစေချင်

သက်ရှိသတ္တဝါအားလုံးတို့သည် ရုပ်၊ နာမ် နှစ်ခု ပေါင်းစပ်မှုပင် ဖြစ်ပါသည်။ ရုပ်၊ နာမ် နှစ်ခုပေါင်းစပ်မှုဖြစ်တည်ရန်မှာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏနှင့်အညီ ကျွန်ုပ်တို့လူသားများသည် ဇာတိကြောင့် ပဋိသန္ဓေတည်ကြရပြီး ကိုးလလွယ် ဆယ်လဖွား ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ဖြင့် လူဖြစ်လာကြကာ စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ်ဆီသို့ အလီလီပြောင်းလဲလျက် ပျိုမျစ်နုနယ်အရွယ်မှတစ်စတစ်စ အိုမင်းရင့်ရော်ပြီး ဇရာဘဝသို့ ရောက်ကြရသည်။ ထိုမှတစ်ဆင့် ဗျာဓိဘဝ နာကြရပြီး နောက်မရဏ သေဆုံးကြရသည်။

ထို့ကြောင့် မွေးဖွားခြင်းအစသည် သေဆုံးခြင်းတွင် အဆုံးသတ်ကြရပါသည်။ ကျွန်ုပ်တို့လူသားများသည် ကံကောင်းခြင်းကြီးစွာဖြင့် လူ့လောကတွင် လူလာဖြစ်ကြရပါသည်။ ကံကောင်းခြင်းကြီးစွာဟုဆိုရာတွင် ဒုလ္လဘတရား ငါးပါးတွင် တစ်ပါးဖြစ်သော လူ့အဖြစ် ရခဲခြင်းကြောင့်ဖြစ်ပါသည်။ မနုဿတ္တဘာဝေါ ဒုလ္လဘောဟု မြတ်စွာဘုရားဟောတရားနှင့်အညီ လူဖြစ်ဖို့ရန် အလွန်ပင်ခဲယဉ်းလှပါသည်။

ဥပမာတစ်ခုလေ့လာမှုအရ သိရှိရသည်မှာ နတ်ပြည်မှ အပ်တစ်စင်းနှင့် လူ့ပြည်မှ အပ်တစ်စင်းတို့ တစ်ပြိုင်တည်း ပစ်လွှတ်ရာတွင် နေရာတစ်ခု၌ အပ်နှစ်စင်းတို့၏ ထိပ်ဖျားချင်း ထိတွေ့နိုင်သော်လည်း လူဖြစ်ရန်မှာ ဤမျှလောက် မလွယ်ကူကြောင်း မှတ်သားရပါသည်။

ဤသို့ ခဲခဲယဉ်းယဉ်းဖြင့် လူ့လောကတွင် လူလာဖြစ်ခြင်းတူပါလျက် အရပ်ရှည်သူ၊ အရပ်ပုသူ၊ အသားဖြူသူ၊ အသားမည်းသူ၊ ပိန်သူ၊ ဝသူ၊ ဆင်းရဲသူ၊ ချမ်းသာသူ၊ ကိုယ်လက်အင်္ဂါပြည့်စုံသူ၊ မပြည့်စုံသူဟူ၍ မတူကွဲပြားခြားနားဖြစ်တည်နေကြရသကဲ့သို့ တချို့သန္ဓေဘဝတွင် သေကြရသည်။ အချို့လည်း မီးတွင်းထဲတွင် သေကြရသည်။ တချို့လည်း သက်တမ်းမစေ့မီ ကွယ်လွန်ကြရသည်။ တချို့ကျတော့လည်း သက်တမ်းစေ့ နေထိုင်အသက်ရှည်ကြရသည်။ ဤအကြောင်းတရားများအားလုံးတို့သည် အတိတ်ကံ၏ အကြောင်းကြောင့် အကျိုးသက်ရောက်မှုများပင် ဖြစ်သည်။

သင်္ခါရလောကတွင် နေထိုင်ကြသော ကျွန်ုပ်တို့အားလုံးသည် မမြဲခြင်းတရားကို အစဉ်နှလုံးသွင်း၍ လူ့ဘဝကို ရှင်သန်ဖြတ်သန်းကြရာတွင် ပစ္စုပ္ပန်နှင့် အနာဂတ်ကောင်းကျိုးကို ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ထို့အတူ ယခုဘဝကောင်းကျိုး၊ တမလွန်ဘဝကောင်းကျိုးတို့အတွက် ဗုဒ္ဓအလိုကျ အဆုံးအမနှင့်အညီ မဂ္ဂင်ရှစ်ပါးအကျင့်မြတ်တရားဖြင့် အသိနှင့်သတိယှဉ်၍ လုပ်ဆောင်ကြမှသာလျှင် ရခဲလှသောတန်ဖိုးရှိသည့် လူ့ဘဝကို ကိုယ်စီကိုယ်င ပိုင်ဆိုင်ကြရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် မွေးဖွားခြင်းအစမှသည် သေခြင်းအဆုံး ဘဝနိဂုံးမရောက်သေးခင်ကာလ လူ့ဘဝခဏတာအတွင်း ရှင်သန်ဖြတ်သန်းကြရာ၌ မမြဲခြင်းတရားကို နှလုံးသွင်းဆင်ခြင် သတိနှင့်အသိယှဉ် ဆင်ခြင်တုံတရား လက်ကိုင်ထား၍ ကိုယ်ချင်းစာစိတ်နှင့်အတူ စေတနာ၊ မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားနှင့်အညီ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ မစ္ဆရိယ စသည့်ရန်သူ(၆)ပါးကို တတ်နိုင်သမျှ ပယ်သတ်ကြပြီး မိမိကောင်းကျိုး၊ မိမိ မိသားစုကောင်းကျိုး၊ မိမိပတ်ဝန်းကျင်ကောင်းကျိုး၊ မိမိဒေသကောင်းကျိုးတို့မှသည် မိမိနိုင်ငံ၊ မိမိလူမျိုး ကောင်းကျိုးများကို စွမ်းဆောင်ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း ဦးဆောင်သောအဖွဲ့နှင့် KIO ဗဟိုကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ် ဦးဆောင်သောအဖွဲ့ဝင်များ တတိယအကြိမ်မြောက် ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပပြီး နှစ်ဦးနှစ်ဖက် သဘောတူကြေညာချက်ထုတ်ပြန်

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KIO ဗဟိုကိုယ်စားလှယ်အဖွဲ့တို့သည် မတ် ၈ ရက် နေ့ခင်းပိုင်းမှ မတ် ၁၀ ရက် ညနေပိုင်းအထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့ ကျင်းချိန်ဟိုတယ်၌ တတိယအကြိမ်မြောက် ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဘက်မှ အဖွဲ့ခေါင်းဆောင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များဖြစ်ကြသော သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ကချင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ မံစီမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းသိန်း(ခေါ်) ဦးထွန်းထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးဝင်းသိန်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီးမြင့်ဆွေတို့ တက်ရောက်ကြပြီး KIO ကိုယ်စားလှယ်အဖွဲ့ဘက်မှ အဖွဲ့ခေါင်းဆောင် ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်၊ အဖွဲ့ဝင် ဗဟိုကော်မတီဝင်များဖြစ်ကြသော ဦးလဖိုင်လ၊ ဦးလဇိန်ဂျီးနောင်၊ ဦးခွန်နောင်၊ ဦးနော်ဘူ၊ ဦးနော်တွဲ၊ ဦးမရန်ဇော်တောင်၊ ဦးဆင်းခေါတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် KIO ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗဟိုကော်မတီဝင် ဦးဆွမ်လွတ်ဂမ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ယခု တတိယအကြိမ်မြောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲတွင် ဇန်နဝါရီ ၁၉ ရက်က ပြုလုပ်ခဲ့သော ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးပွဲ၌ ဆွေးနွေးညှိနှိုင်းခဲ့သောအချက်များအပေါ် အခြေခံ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ တတိယနေ့၌ ပထမနေ့နှင့် ဒုတိယနေ့ ဆွေးနွေးချက်များအပေါ် အခြေခံပြီး ပွင့်လင်းရင်းနှီးစွာ ဆက်လက်ဆွေးနွေးညှိနှိုင်းကြသည်။

ထိုသို့ငြိမ်းချမ်းရေးအတွက် အချိန်ယူ၍ အသေးစိတ်ဆွေးနွေးပြီးနောက် နှစ်ဦးနှစ်ဖက်သဘောတူထုတ်ပြန်ကြေညာချက် တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KIO ဗဟိုကိုယ်စားလှယ်အဖွဲ့တို့၏ ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အားရကျေနပ်မှုရှိပါသည်။

(၂) နှစ်ဖက် ဆွေးနွေးမှုများမှာ တစ်ကြိမ်ထက်တစ်ကြိမ် တိုးတက်မှုများ ဖြစ်ထွန်းလာပြီး ယုံကြည်မှုများ ပိုမိုတည်ဆောက်နိုင်ခဲ့ပါသည်။

(၃) ဆွေးနွေးမှုများမှ ဆက်လက်ပြီး နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

(၄) နှစ်ဖက်ငြိမ်းချမ်းရေးဆွေးနွေးမှုများ၏ ရလဒ်အဖြစ် တစ်ဖက်နှင့်တစ်ဖက် စစ်ရေးအရှိန်များလည်း လျော့နည်းလာမည်ဟု ယုံကြည်ပါသည်။

(၅) ပြဿနာဖြစ်ပွားနိုင်သောဒေသများရှိ နှစ်ဖက်တပ်စခန်းများကိစ္စကို နှစ်ဦးနှစ်ဖက် သဘောတူညီမှုရသည်အထိ ဆွေးနွေးပြီး ရရှိပြီးသော သဘောတူညီချက်များကို ရက်သတ်မှတ်၍ ဆောင်ရွက်သွားရန် ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် နိုင်ငံတော်သမ္မတ၏ ငြိမ်းချမ်းရေး လက်ဆောင် Sky Net အစုံ ၂၀ ကို နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်သောင်းက ပေးအပ်ရာ KIO ဗဟိုကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်က လက်ခံသည်။ ဆက်လက်၍ အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်များနှင့် KIO ဗဟိုကိုယ်စားလှယ် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၁ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၅၅၀၀	၀. ၀၃၂၇၃
တရုတ် (ယွမ်)	၆. ၃၁၀၄၀	၀. ၁၅၈၄၇
အိန္ဒိယ (ရူပီး)	၄၉. ၈၅၀၀	၀. ၀၂၀၀၆
မလေးရှား (ရင်းဂစ်)	၃. ၀၀၈၀၀	၀. ၃၃၂၄၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၄၄၀	၀. ၇၉၇၁၉
ဂျပန် (ယန်း)	၈၂. ၄၇၀၀	၀. ၀၁၂၁၃
တောင်ကိုရီးယား(ဝမ်)	၁၁၁၇. ၀၅	၀. ၀၀၀၉၀
ယူရို	၀. ၇၆၂၀၀	၁. ၃၁၂၃၄
ဗြိတိသျှ (ပေါင်)	၀. ၆၉၈၁၄	၁. ၅၆၇၀၅

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၂-၃-၂၀၁၂ (တနင်္လာနေ့)

- ၇း၀၅ တရားတော်
- ၇း၃၀ မြန်မာ့ရှုခင်း
- ၈း၁၅ မှတ်တမ်း
- ၄း၁၅ အိုင်စီတီသုတ
- ၄း၂၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ လျှပ်တစ်ပြက်
- ၅း၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဟာသလွင်ပြင်” (အပိုင်း-၈၇)**
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကွန်ဖူးဘုရင်ဘရုစ်လီ” (အပိုင်း-၁၄)**
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - နိုင်ငံရေးပါတီများ ဟောပြောချက်
  - -အမျိုးသားဒီမိုကရေစီအင်အားစုပါတီ(NDF)
  - -ပြည်သူ့ဒီမိုကရေစီပါတီ
  - -Talk of The Town
  - -မေးမြန်းစူးစမ်း
  - -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
  - **-ရသစုံလင် ရုပ်မြင်ဇာတ်လမ်း “တမလွန်မှပြောသောစကား” (အပိုင်း-၃)**
  - -Mini Series

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် မတ် ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းသည် မတ် ၆ ရက်က နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကစားဖော်များဖြစ်ကြသော ပါမောက္ခ ဒေါက်တာအောင်မြင့်၊ ဒေါက်တာသိမ်းကျော်၊ ဦးစိုင်းဘုန်းတင့်တို့နှင့်အတူ ကွင်းပတ်လေ့ကျင့်ကစားရာ Titleist ProV-1 (No.4) ဂေါက်သီးအား Twin Marks Wood-5 တုတ်ဖြင့်ရိုက်လိုက်ရာ ၁၆၆ ကိုက်အကွာရှိ ကျင်းအမှတ်(၃)သို့ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)ဆေးရုံ၌ တက်ရောက်ကုသနေသော လူနာများ အသုံးပြုရန်အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ပဋ္ဌာန်းရောင်တော်ဖွင့် အသင်းမှ (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းရာ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀) တပ်မှူး ဗိုလ်မှူးချုပ် စိန်လင်းနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ပဋ္ဌာန်းရောင်တော်ဖွင့် အသင်းမှ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ကျိုင်းတုံနယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးသည် ယနေ့ နံနက် ၈ နာရီတွင် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ကျောင်းခန်းမအတွင်း၌ မော်တော်ယာဉ်အစိတ်အပိုင်းများ ပြသထားမှုနှင့် ကျောင်းအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အိမ်တွင်းမှုကျောင်းခန်းမဆောင်တွင် ကျင်းပသည့် တွေ့ဆုံပွဲနှင့် အလှူငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ငွေကျပ်သိန်း ၅၀၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက SKY NET (DTH) တစ်စုံ၊ ရုပ်မြင်သံကြားစက်တစ်လုံးနှင့် မီးစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်ပစ္စည်းများနှင့် သင်တန်းသူများ လက်တွေ့ချုပ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဂန္ထဝင် ဂီတပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၁၁

မြန်မာသံစဉ် သီချင်းအေးအေးများကို သာ ကြိုက်နှစ်သက်သူများအတွက် ရွှေဂန္ထဝင်ဂီတပွဲတော်ကို မတ် ၁၈ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်မျှော်စင်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အလက်ာဝတ်ရည် တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ဟသ်ာတထွန်းရင်၊ ရာဇာဝင်းတင့်၊ ရန်ပိုင်စိုး၊ မောင်သိန်းဝင်း၊ မောင်မောင်အေး၊ ကေတုဝင်းထွဋ်၊ ဖိုးသောကြာ၊ ဗညားဟန်၊ မိုးသက်ပိုင်၊ ထား၊ ချိုပြုံး၊ ခင်ညွန့်ရည်၊ ပိုးအိစံ၊ စိုးစန္ဒာထွန်း၊ အိအိချွန်၊ ပန်းအိဖြူ၊ ရွှေယမင်းဦးနှင့် ရီဝေယံထွန်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော မိုးပြည့်ပြည့်မောင်၊ မိုးယုစံနှင့် နန်းမြတ်ဖြိုးသင်းတို့က အားဖြည့်ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

(ရီရီမြင့်-သတင်းစဉ်)

မန္တလေးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန် ကျုံးပတ်လည်၌ မဏ္ဍပ်များမဲစနစ်ဖြင့် နေရာချမည်

မန္တလေး မတ် ၁၁

၂၀၁၂ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို နန်းမြို့ကျုံးပတ်လည်နှင့် မြို့တွင်းအလှပြမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များဖြင့် စည်ကားစွာကျင်းပမည်ဖြစ်သည်။

ပါဝင်ဆင်နွှဲလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများသည် မတ် ၂၀ ရက် နောက်ဆုံးထား၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနသို့ အာမခံငွေကျပ် ငါးသိန်းပေးသွင်းရမည်ဖြစ်ပြီး ငွေပေးသွင်းပြီးမှသာ ကျုံးလေးဖက်၌ မဲစနစ်ဖြင့် မဏ္ဍပ်နေရာများ နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

(၆၅၃)

ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၁

ကရင်ပြည်နယ်၏ (၃၃)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို မတ် ၆ ရက် ညနေ ၆ နာရီတွင် ဘားအံမြို့ သာမညတောင်ခြေ ပအိုဝ်းဓမ္မာရုံကွင်း၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်သန်းမြင့်တို့က ပအိုဝ်းအမျိုးသားနေ့မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို မတ် ၇ ရက် နံနက် ၇ နာရီတွင် ကျင်းပရာ ပရိသတ်များက နိုင်ငံတော်အလံနှင့် ပအိုဝ်းအမျိုးသားအလံတို့ကို အလေးပြုကြပြီး သဘာပတိ ဦးခွန်တင်စန်းက အမှာစကားပြောကြားကာ ကရင်ပြည်နယ် ဝန်ကြီးချုပ်ထံမှ ပေးပို့သော (၃၃) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ သဝဏ်လွှာကို ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်က ဖတ်ကြားသည်။

ယင်းနောက် ပအိုဝ်းတက္ကသိုလ်ကျောင်းသူနှစ်ဦးတို့က ပအိုဝ်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံနှင့် ပအိုဝ်းလူမျိုးတို့ သမိုင်းကြောင်းကို ပအိုဝ်းဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖတ်ကြားတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ရှင်းလင်းပြောကြား

နေပြည်တော် မတ် ၁၁

နိုင်ငံတော်အကြီးအကဲများအနေဖြင့် နိုင်ငံ၏ နေရာအနှံ့အပြားရှိ တိုင်းရင်းသားပြည်သူများ၏ အကျိုးကိုရှေးရှုကာ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံဝန်ထမ်းများ၏ အကျိုးကို ရှေးရှုဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရသစ် စတင်ထမ်းဆောင်ခဲ့သည့် ကာလတိုအတွင်း၌ နိုင်ငံသားတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှုပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းတာဝန်ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ပြီး လုပ်ငန်းစဉ်(၈)ရပ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မတ် ၉ ရက် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်သော တွေ့ဆုံပွဲ၌ ရှင်းလင်းပြောကြားသည်။

ရှေးဦးစွာ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌတို့က သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မွေးမြူရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် အခြေအနေများနှင့် နယ်စပ်ကုန်သွယ်ရေးအား သမဝါယမအသင်းအစုအဖွဲ့များနှင့် ဆက်စပ်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ လုပ်ငန်းများအလိုက် အစုအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ပံ့ပိုးချေးငွေ ထုတ်ပေးမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအား နိုင်ငံတော်က အရှိန်အဟုန်ဖြင့် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ ဖွဲ့စည်းဆောင်ရွက်သော သမဝါယမအသင်း အစုအဖွဲ့များသည် ၁၉၉၂ ခုနှစ် သမဝါယမအသင်း ဥပဒေ နည်းဥပဒေများအတိုင်း ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ တစ်ဦးချင်းဝင်ငွေမြင့်မားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်အတွက် အလွှာအားလုံး၊ နိုင်ငံသားအားလုံးပါဝင်သော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

မူဆယ်ခရိုင်သည် တစ်ဖက်နိုင်ငံနှင့် ဆက်စပ်နေသော နယ်စပ်ဒေသဖြစ်သည့်အတွက် နိုင်ငံဝန်ထမ်းများသည် ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်အဖြစ် အစဉ်ဦးထိပ်ထားဆောင်ရွက်သွားရန်နှင့် နိုင်ငံသူ၊ နိုင်ငံသားများအပေါ်တွင် စိတ်ကောင်းစေတနာကောင်းထားရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး ဝိုင်းဝန်းဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ သွားရောက်ပြီး ပို့ကုန်၊ သွင်းကုန် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုကာ ညနေပိုင်းတွင် ရွှေလီရတနာရိပ်သာခန်းမ၌ ခရိုင်၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ၊ ငါးရှဉ့်တင်ပို့သူ လုပ်ငန်းရှင်များအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြို့တော်ခန်းမ၌ တာဝန်ရှိသူများအား ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၁

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Trade Institute ကို ထူထောင်ဖွင့်လှစ်ပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ်(၁)ကို မတ် ၂၆ ရက်မှ စတင်၍ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ပို့ကုန်၊ သွင်းကုန် လုပ်ထုံးလုပ်နည်းများအပြင် နိုင်ငံတကာကုန်သွယ်မှုသီအိုရီနှင့် သဘောတရားများကို စီးပွားရေးပညာရှင်ကြီးများ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအရာရှိကြီးများက ပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် သုံးရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲထိ လေးလကြာမည်ဖြစ်ရာ မတ် ၂၀ ရက် နောက်ဆုံးထား၍ သင်တန်းဝင်ခွင့် လျှောက်လွှာများကို အမှတ် (၂၂၈-၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ရှိ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) မြေညီထပ်တွင် အခမဲ့ရယူနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပျဉ်းမနားမြို့တွင် လျှပ်စစ်ပေါင်းအိုးနှင့် ထမင်းချက်ရာမှ အပူရှိန်လွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

နေပြည်တော် မတ် ၁၁

ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပန်းခင်း(၃)ရပ်တွင် လျှပ်စစ်ပေါင်းအိုးနှင့် ထမင်းချက်ရာမှ အပူရှိန်လွန်ကဲ၍ မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်အုပ်စု ပန်းခင်း(၃)ရပ် ပန်းခင်းလမ်းမကြီးဘေး အမှတ်-၆/၂၇၉ (ခ)ရှိ အောင်ရတနာ ကုန်စုံဆိုင်ရှင် မဝင်းဝင်းမော် အသက်(၄၀) (ဘ) ဦးသိန်း၏ ကုန်စုံဆိုင် ရောင်းချသောဆိုင်ခန်းတွင် ယနေ့ နံနက် ၉ နာရီခွဲက လျှပ်စစ်ပေါင်းအိုးဖြင့် ထမင်းချက်ရာမှ အပူရှိန်လွန်ကဲ၍ မီးစတင်လောင်ကျွမ်းခဲ့သည်။



မီးလောင်မှုဖြစ်ပွားရာသို့ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားနယ်မြေ တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးဝင်းဌေး၊ နေပြည်တော် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲမြင့်၊ ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၆၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀၊ ဒေသခံပြည်သူလူထု ၂၀၀ နှင့် မီးသတ်ယာဉ် ၁၆ စီး၊ ရေယာဉ် ငါးစီးတို့ဖြင့် စုပေါင်းငြိမ်းသတ်ခဲ့သည်။**(ဓါတ်ပုံ)** မီးလောင်မှုကြောင့် ဆိုင်ခန်းလေးခန်းနှင့် နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

(မင်းမင်းလတ်-မန်းတက္ကသိုလ်)



မတ် ၁၁ ရက် ညနေ ၄ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့၌ အချိန်အခါမဟုတ် ကွက်ကျားမိုးများ ရွာသွန်းခဲ့ရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း၌ လမ်းသွား လမ်းလာများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ယာဉ်များ သတိထားမောင်းနှင်လျက် ရှိကြသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-လှိုင်မိုး)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ခေတ်သစ်ပြည်သူ့ပါတီက
၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၁

ခေတ်သစ်ပြည်သူ့ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ဒေါ်ရီရီစံက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ကျွန်မကတော့ ခေတ်သစ်ပြည်သူ့ပါတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ဒေါ်ရီရီစံ (ကလောင်-ခင်ဝင်းစံ) ဖြစ်ပါတယ်။ ဝါးခယ်မမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဖြစ်ပါတယ်ရှင့်။

မြန်မာပြည်သူအပေါင်း ကာယသုခ၊ စိတ္တသုခ ပြည့်ဝပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။

ကျွန်မတို့ ခေတ်သစ်ပြည်သူ့ပါတီဟာ လွန်ခဲ့သော ၁၉၈၀ ခုနှစ်ကပင် စီးပွားရေးနဲ့ နိုင်ငံရေးကို ဗဟိုက ချုပ်ကိုင်သော ကမ္ဘာ့ဆိုရှယ်လစ်စနစ်ရဲ့ အမှားကို သုတေသနပြု ဖော်ထုတ်ခဲ့ရာကစပြီး မြန်မာနဲ့ နိုင်ငံတကာ စီးပွားရေး၊ နိုင်ငံရေး၊ မူဝါဒရေးရာများကို အစဉ်တစိုက် သုတေသနပြုပြီး ပြည်သူ့အကျိုးကို ဆောင်ရွက်လာခဲ့တဲ့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒ လေ့လာရေးကျောင်းတော်သားစုက အသွင်ကူးပြောင်းလာတဲ့ ပါတီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ပါတီဟာ နိုင်ငံရေးအတွေ့အကြုံ အစဉ်အလာနဲ့ မူဝါဒသုတေသန အတွေ့အကြုံ အစဉ်အလာရှိတဲ့ ပါတီလည်း ဖြစ်ပါတယ်။

လောကမှာ ဘယ်တန်ခိုးရှင်ကမှ မတားဆီးနိုင်တဲ့ လောကကြီးကို စိုးမိုးသော လူမှုသိပ္ပံတရား (၄)ပါး (ဝါ) လောကပါလတရား (၄)ပါး ရှိပါတယ်။ ဒါတွေကတော့-

(၁) လူထုတွေ မပါရင် ဘာမှမလုပ်နိုင်။

(၂) လူထုရွေးကောက်ပွဲတွေ မပါရင် ဘာမှမလုပ်နိုင်။

(၃) လူထုတွေရဲ့ အခြေခံအကျိုးစီးပွားနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်တစ်ရပ်ကို ပြည်သူလူထုကို ကင်းကင်းလွတ်လွတ် ရွေးချယ်ခွင့်ပြုရပါမယ်။

(၄) အဲဒီလို ရွေးချယ်ခွင့်မပြုရင် လူထုဟာ သူ့လမ်းသူ ရွေးချယ်သွားလိမ့်မယ်။

ဒါကြောင့် ကျွန်မတို့ပါတီဟာ ဒီလူမှုသိပ္ပံတရား (၄)ပါး (ဝါ) လောကပါလတရား (၄)ပါး ဦးထိပ်ထားပြီး ခေတ်မီဒီမိုကရေစီနိုင်ငံ ထူထောင်ရေး သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားမယ်ဖြစ်ပါတယ်။ ကျွန်မတို့ပါတီဟာ ဖြစ်နိုင်လျှင် ငြိမ်းချမ်းစွာ ဆောင်ရွက်မယ်။ မဖြစ်နိုင်မှသာ အကြမ်းဖက်ရမယ်ဆိုတဲ့ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်လမ်းစဉ်မျိုး လုံးဝမဟုတ်ဘဲ အကြွင်းမဲ့ငြိမ်းချမ်းရေးလမ်းစဉ်ကို ခံယူကျင့်သုံးတဲ့ ပါတီ ဖြစ်ပါတယ်။ အကြမ်းဖက်မှု၊ ကာယ၊ ဝစီ၊ မနောကံပါတဲ့ လုပ်ငန်းတွေဟာ တိုးတက်တော်လှန်တဲ့ ပစ္စည်းတွေ၊ ပညာအလင်းရောင်တွေကို ဖျက်ဆီးတဲ့အတွက် ခေတ်နောက်ပြန်ဆုတ်ပြီး ခေတ်ဟောင်းပြန်ဝင်စေလို့ဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းပြည်ပတွင် လက်နက်ကိုင်အတိုက်အခိုက်များ ဖြစ်လာရင်လည်း ဘယ်ဘက်က တာဝန်ဘယ်လောက်ရှိတယ်၊ မရှိဘူးဆိုတာကို ပွင့်ပွင့်လင်းလင်း ဖော်ပြပြီး အတိုက်အခိုက်ရပ်စဲရေး၊ ငြိမ်းချမ်းရေးအတွက် အစွမ်းကုန် ကြိုးပမ်းသွားမယ်။ လူမှုသိပ္ပံပညာရှင်ကြီးများက ကြမ်းကြုတ်ရိုင်းစိုင်းတဲ့ခေတ်တွေက စစ်ပွဲတွေကို မွေးထုတ်ပေးသလို စစ်ပွဲတွေကလည်း ကြမ်းကြုတ်ရိုင်းစိုင်းတဲ့ခေတ်တွေကို မွေးထုတ်ပေးလေ့ရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီက Theory becomes a material force when it grips the masses. သဘောတရားဟာ လူထုကိုချုပ်ကိုင်မိသည်နဲ့ တစ်ပြိုင်နက် ရုပ်ဝတ္ထုအင်အားစုဖြစ်လာတယ်ဆိုတဲ့ လူမှုသိပ္ပံတရား လက်ကိုင်ထားပြီး အကြွင်းမဲ့ငြိမ်းချမ်းရေးလမ်းစဉ်ကိုသာ ခံယူကျင့်သုံးသွားမယ် ဖြစ်ပါတယ်။

တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်သော ခေတ်မီဒီမိုကရေစီနိုင်ငံ ထူထောင်ရေး

ကမ္ဘာ့နိုင်ငံများက အတွေ့အကြုံတွေ၊ အကြံဉာဏ်တွေကို ရယူခြင်း၊ လေ့လာသုံးသပ်ခြင်းတွေဟာ လိုလည်းလိုအပ်သလို အကျိုးလည်းဖြစ်ထွန်းစေပါတယ်။ ဒါပေမယ့် မည်သည့်သုခမိန်ရဲ့ အကြံဉာဏ်ဖြစ်စေ၊ ဘယ်လိုပင်ရိုးသားဖြူစင်တဲ့ ပြောဆိုမှု ဖြစ်ပါစေ ပကတိဘဝအခြေအနေများနဲ့ လျော်ညီဖို့လိုပါတယ်။ လူမှုသိပ္ပံတရားကလည်း အမှန်တရားကို ရှာဖွေရင် ပကတိဘဝမှာ ရှာဖွေရမယ်လို့ဆိုပါတယ်။ ဒီမိုကရေစီနိုင်ငံကို ဘယ်တန်ခိုးရှင်ကမှ ရုတ်တရက် မန်းမှုတ်မဖန်တီးနိုင်သလို ပြည်ပကလည်း ပုံတူမကူးနိုင်ပါ။ ဒီမိုကရေစီဆိုတာ ပြည်တွင်းမျိုးစေ့က ဖူးပွင့်ရတာဖြစ်ပါတယ်။ လွတ်လပ်မှုတစ်ခုတည်းကို ဖွင့်ပေးလိုက်ရုံနဲ့လည်း ဒီမိုကရေစီထွန်းကားမလာနိုင်ပါ။ ဒီမိုကရေစီနိုင်ငံများတွင် အများဆန္ဒနဲ့ ဆုံးဖြတ်ရတဲ့အတွက် ပြည်သူတို့အသိဉာဏ်အဆင့်အတန်း မြင့်မားဖို့လိုပါတယ်။ ပြည်သူတို့အသိဉာဏ်အဆင့်အတန်းမြင့်မားရေးအတွက် ပြည်သူတို့ လူနေမှုအဆင့်အတန်းမြင့်မားဖို့လိုပါတယ်။ ပြည်သူတို့ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ပြည်သူတို့ရဲ့ စီးပွားရေးကုန်ထုတ်စွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။ The development of the productive forces is the highest criterion of the social progress. စီးပွားရေးလုပ်ငန်းစွမ်းအားစုများရဲ့ တိုးတက်ဖြစ်ပေါ်ရေးဟာ လူ့အဖွဲ့အစည်း ရှေ့တန်းတက်လှမ်းရေးရဲ့ အဆင့်အတန်းအမြင့်ဆုံးသောညွှန်းလက် (ဝါ) မှတ်ကျောက်ဖြစ်တယ်လို့ ခေတ်သစ်သိပ္ပံ နိုင်ငံရေး ဘောဂဗေဒကဆိုပါတယ်။ ဒါကြောင့် ဒီကနေ့လို ဒီမိုကရေစီနိုင်ငံ ထူထောင်ကူးပြောင်းလာချိန်တွင် ဖော်ပြခဲ့တဲ့ လူမှုအခြေခံလိုအပ်ချက်(၃)ရပ် အချိုးညီ ဖွံ့ဖြိုးတိုးတက်လာအောင်တစ်မျိုးသားလုံး စုပေါင်း လုံ့လပြု ကြိုးပမ်းသွားရမယ့်အချိန်အခါကောင်းဖြစ်တယ်လို့ ခံယူပါတယ်။

ခေတ်သစ်ပြည်သူ့ပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်များကို အကျဉ်းချုပ်တင်ပြသွားပါမယ်။

မူဝါဒလုပ်ငန်းစဉ်များ

(က) စီးပွားရေး စီးပွားရေးတွင် ပြည်သူတို့ရဲ့ စီးပွားရေးလွတ်လပ်မှုကို အာမခံချက်ပေးနိုင်သော တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသွားမယ်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ကြိုးပမ်းသွားမယ်။ ပြည်ပကတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်မယ်။ ပြည်ပသို့ သွားရောက်ရင်းနှီးမြှုပ်နှံမှုများကိုလည်း အားပေးမယ်။ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပါ ကုန်ထုတ်ကုန်သွယ်ရေးလုပ်ငန်းများ၊ ကုန်ထုတ်နည်းပညာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မယ်။

(ခ) နိုင်ငံရေး နိုင်ငံရေးတွင် ပြည်သူတို့ရဲ့ နိုင်ငံရေးလွတ်လပ်မှုကို အာမခံချက်ပေးနိုင်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမယ်။ ဒီမိုကရေစီ ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာဟောပြောစည်းရုံးခွင့်၊ လွတ်လပ်စွာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ခွင့်များ၊ လွတ်လပ်စွာ နိုင်ငံရေးပါတီများ ထူထောင်ခွင့်၊ လူထုအခြေပြုအဖွဲ့အစည်းများ ထူထောင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပြည့်အဝပြဋ္ဌာန်းသွားမယ်။

(ဂ) ပညာရေး လူ့အဖွဲ့အစည်းအကျိုးကို လက်တွေ့ဆောင်ရွက်နိုင်တဲ့ ယနေ့ပညာခေတ်ရဲ့ အသိပညာရှင်၊ အတတ်ပညာရှင်များမွေးထုတ်သော ပညာရေးစနစ်ကို ကျင့်သုံးမယ်။ လူ့စွမ်းအားအရင်းအမြစ်ကို လေ့ကျင့်ပျိုးထောင်သော ပညာရေးစနစ်ကို ကျင့်သုံးမယ်။ ပြည်သူများအသိပညာမြင့်မားရေးအတွက် အခမဲ့ အလယ်တန်းပညာ မသင်မနေရစနစ်ကို အကောင်အထည်ဖော်မယ်။ ပညာရေးကဏ္ဍတွင် ပုဂ္ဂလိကများကို ယှဉ်ပြိုင်လုပ်ကိုင်ခွင့်ပြုမယ်။ ပညာရေးသုတေသနလုပ်ငန်းများကို အစိုးရရော၊ ပုဂ္ဂလိကများပါ လုပ်ကိုင်နိုင်အောင် အားပေးမယ်။ နိုင်ငံတကာအဆင့်မြင့်တက္ကသိုလ်များတွင် ပညာသင်ယူနိုင်ရေး၊ နိုင်ငံတကာအဆင့်မြင့်တက္ကသိုလ်များနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို အားပေးဆောင်ရွက်မယ်။

(ဃ) ကျန်းမာရေး အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ကြိုးပမ်းသွားမယ်။ ဆေးပညာရပ်များ သိပ္ပံနည်းကျတိုးတက်လာရေးကို ဦးစားပေးကြိုးပမ်းသွားမယ်။ ပြည်သူလူထု ကျန်းမာရေးကို အစိုးရက တာဝန်ယူကာကွယ်ကုသစောင့်ရှောက်ပေးနိုင်ရေးနဲ့ ပုဂ္ဂလိကများ ကျန်းမာရေးကဏ္ဍတွင် ပါဝင်ယှဉ်ပြိုင်လုပ်ကိုင်လာနိုင်ရေးကို အားပေးဆောင်ရွက်မယ်။ တိုင်းရင်းဆေးအပါအဝင် ဆေးပညာသုတေသနလုပ်ငန်းများကို အားပေးမယ်။

(င) ကာကွယ်ရေး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အသက်ပေးကာကွယ်သော၊ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ အတည်ပြုပြဋ္ဌာန်းထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်ပေးကာကွယ်စောင့်ရှောက်သော၊ ပြည်ထောင်စုကြီးရဲ့ အန္တရာယ်ကို အသက်ပေးကာကွယ်သော ခေတ်မီအမျိုးသားတပ်မတော်ဖြစ်ရမယ်။ ယင်းအမျိုးသားတပ်မတော်အား အစဉ် ခေတ်မီအဆင့်မြင့်တပ်မတော်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်သွားမယ်။

(စ) နိုင်ငံခြားရေး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဘန်ဒေါင်းမူ (၅)ချက်ကို ဆက်လက်ကျင့်သုံးမယ်။ နိုင်ငံတကာလူ့အဖွဲ့အစည်း ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေးကို ကြိုးပမ်းသွားနိုင်ရန် လွတ်လပ်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးမယ်။ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အထူးသဖြင့် သွေးစစ်သော အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်လာရေးကို ဦးစားပေးကြိုးပမ်းဆောင်ရွက်သွားမယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် နိုင်ငံတကာပြည်သူတို့ရဲ့ လုံခြုံရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့ ကမ္ဘာ့ရေးရာများကို ကဏ္ဍအလိုက် နီးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမယ်။

(ဆ) စိုက်ပျိုးရေး ဈေးကွက်စီးပွားရေးနှင့် လျော်ညီတဲ့ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရိတ်သိမ်းသိုလှောင် ပြည်တွင်း ပြည်ပတွင် လွတ်လပ်စွာရောင်းဝယ်ခွင့်ရှိသောစိုက်ပျိုးရေးမူဝါဒကို ကျင့်သုံးမယ်။ကျေးလက်နေ ဆင်းရဲသားလယ်သမားများနဲ့ လယ်သမားလူတန်းစား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ကွက်ကြီးစိုက်ပျိုးရေးနှင့် အဆင့်မြင့်နည်းပညာသုံးစိုက်ပျိုးရေးစနစ်ကို ကြိုးပမ်းသွားမယ်။

(ဇ) ယဉ်ကျေးရေးနှင့် လူမှုရေး မြန်မာတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကောင်းများကို ထိန်းသိမ်းရေးနှင့် ခေတ်ကာလနှင့်အညီ ဖြစ်ပေါ်လာသော ယဉ်ကျေးမှုများကို ထူထောင်ကျင့်သုံးသွားမယ်။ လူမှုရေးတွင် မြန်မာတိုင်းရင်းသားတို့ရဲ့ လူမှုရေးအစဉ်အလာကောင်းများကို ထိန်းသိမ်းသွားမယ်။ တစ်ဖက်တွင် ခေတ်ကာလနှင့်အညီ လူမှုရေးကျင့်စဉ်ကောင်းများကို ကျင့်သုံးသွားမယ်။

(ဈ) ဘာသာရေး လူတိုင်းလူတိုင်း မိမိတို့ကြိုက်နှစ်သက်ရာဘာသာကို လွတ်လပ်စွာကိုးကွယ်ခွင့်နဲ့ လွတ်လပ်စွာ ဘာသာရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုမယ်။ (ဘာသာရေးနှင့် နိုင်ငံရေး ရောထွေးကျင့်သုံးခွင့်မပြု)

(ည) တိုင်းရင်းသားလူမျိုးများအရေး တိုင်းရင်းသား လူမျိုးများရဲ့ တန်းတူရည်တူ အခွင့်အရေးကို အပြည့်အဝ အာမခံချက်ပေးနိုင်တဲ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ အခွင့်အရေးများဖြင့် စစ်မှန်သော ပြည်ထောင်စုကို တည်ဆောက်မယ်။ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော လူမျိုးစွဲဝါဒ ကင်းရှင်းသော သွေးစစ်တဲ့အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးကို သန္နိဋ္ဌာန်စိတ်ဖြင့် ကြိုးပမ်းသွားမယ်။

(ဋ) ပြည်တွင်းငြိမ်းချမ်းရေး ကမ္ဘာတွင် သက်တမ်းအရှည်ကြာဆုံး စာရင်းဝင်ဖြစ်သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေး၊ ထာဝရပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့အတွက် The path of National Reconciliation အမျိုးသားသင့်မြတ်စည်းလုံးရေးကို မဖြစ်မနေ ကြိုးပမ်းသွားမယ်။

ခြုံပြီးတင်ပြရမယ်ဆိုရင် Surplus value is germ seed of development of social production အစွန်းထွက်တန်ဖိုး (Surplus value)ဟာ လူ့အဖွဲ့အစည်း တိုးတက်ဖြစ်ပေါ်ရေးရဲ့ မျိုးစေ့ဗီဇဖြစ်တယ် ဆိုတဲ့အတိုင်း အရင်းအနှီးပွားစီးတိုးတက်သော အရင်းရှင်စနစ် တစ်နည်းအားဖြင့် ဒီကနေ့ ကမ္ဘာ့စက်မှုဖွံ့ဖြိုးပြီး အရင်းရှင်ဒီမိုကရေစီနိုင်ငံတွေမှာ အကျပ်အတည်းကြုံနေတဲ့အရင်းရှင်စနစ်မျိုးမဟုတ်တဲ့ သွေးစစ်သော အရင်းရှင်စနစ်ကို အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားမယ်။ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီဆိုတာ အရင်းရှင်စနစ်ဖြစ်ပါတယ်။ "အရင်းရှင်လူတန်းစားဟာ အမြတ်အစွန်း (Surplus Value)ကို ဇိမ်ခံစားသုံးမပစ် ထုတ်လုပ်ရေးနှင့် တိုးချဲ့ထုတ်လုပ်ရေးကိုသာ မရပ်မနားလုပ်ဆောင်လေ့ရှိတယ်။ အရင်းရှင်စနစ်ရဲ့ တုပြိုင်မှုဟာ ထုတ်လုပ်မှုတွေကို အကန့်အသတ်မရှိ တိုးတက်နေစေတယ်။ အရင်းရှင်လူတန်းစားရဲ့ တုပြိုင်ထုတ်လုပ် ရောင်းဝယ်မှုဟာ ကုန်ဈေးနှုန်းကျဆင်းစေပြီး လက်ဝါးကြီးအုပ် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများကို ကာကွယ်စေတယ်။ အရင်းရှင်လူတန်းစားဟာ လူ့အဖွဲ့အစည်းအတွက် အစဉ်ထုတ်လုပ်ရောင်းချတယ်။ အရင်းရှင်စနစ်ဟာ လူ့အဖွဲ့အစည်း အစဉ် ခေတ်မီတိုးတက်ရေးကို မနားမနေ လှုံ့ဆော်တယ်။ အရင်းရှင်စနစ်အောက်မှာသာ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားများ တန်းတူမဲပေးခွင့်ရှိတယ်။ အာဏာပိုင်စိုးခွင့်ရှိတယ်။ ဥပမာအားဖြင့် အရင်းရှင်လူတန်းစား မဲတစ်ပြားဆိုရင် အလုပ်သမား၊ ဆင်းရဲသားလူတန်းစား မဲပြားပေါင်းများစွာနဲ့ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာဆိုတဲ့ ခက်မသုံးဖြာအာဏာသုံးရပ်ကို ဖန်တီးနိုင်တယ်"လို့ လူမှုသိပ္ပံပညာရှင်ကြီးများက ဆိုပါတယ်။

ဒီကနေ့ ပြည်ထောင်စုအစိုးရဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာဖို့အတွက် နိုင်ငံတော်ကို ပြုပြင်ပြောင်းလဲလျက်ရှိပါတယ်။ ကျွန်မတို့ ခေတ်သစ်ပြည်သူ့ပါတီကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစဉ် (၁၄)ရပ်ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါတွေကတော့-

(၁) လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့် အာမခံချက်ရှိရေး။

(၂) လက်ရှိ လက်ငုတ်လုပ်ကိုင်နေသော လယ်မြေများ၊ ခြံမြေများကို အစိုးရက ဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများကဖြစ်စေ သိမ်းယူခြင်းမပြုရေး (နိုင်ငံတော်အတွက် မဖြစ်မနေသိမ်းယူရန် လိုအပ်ပါက ထိုက်တန်သော လျော်ကြေးပေးရေး) (သို့မဟုတ်) အစားထိုးမြေနေရာပေးရေး။

(၃) ဖြစ်ထွန်းနေသော လယ်မြေများကို ငါးမွေးကန် မတူးဖော်ရေး။

(၄) တောင်သူလယ်သမား လူတန်းစားများ၏ ရိုးသားစွာ မသိနားမလည်မှုကို အခွင့်ကောင်းယူ၍ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ ခြယ်လှယ်သွေးစုပ်ခြင်း၊ မတရား နိုင်ထက်စီးနင်းပြုလုပ်ခြင်းများကို တရားသောနည်းလမ်းများဖြင့် ကာကွယ်တိုက်ဖျက်သွားရေး။

(၅) တောင်သူလယ်သမားများအား လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်၊ သိုလှောင်ရောင်းချခွင့်ပြုရေး။ (ပြည်တွင်း ပြည်ပဈေးကွက်တွင် လွတ်လပ်စွာ ရောင်းချခွင့်ပြုရေး)

(၆) အထူးအထွက်တိုး ခေတ်မီလယ်ယာစနစ်ဖြစ်ပေါ်လာစေရန် စက်မှုနည်းပညာများ ကြိုးပမ်းရေး။

(၇) လယ်မလုပ်သော ပုဂ္ဂလိကလက်ဝါးကြီးအုပ် မြေရှင်စနစ်ပပျောက်ရေးနှင့် လက်ဝါးကြီးအုပ် မြေရှင်များကို ပေးဆောင်ရသော သီးစားခစနစ်ပပျောက်ရေး။

(၈) တောင်သူလယ်သမားများအရေးကို တောင်သူလယ်သမားကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ခွင့်ရှိရေး။

(၉) တောင်သူလယ်သမား လူတန်းစားများအပေါ် လူ့အခွင့်အရေး ဖောက်ဖျက်ကျူးလွန်မှုများ ဆင်းရဲနွမ်းပါးမှုကို အခွင့်ကောင်းယူ၍ ငွေများ တရားနိုင် စီရင်ခံစားမှုများအား ဥပဒေဘောင်အတွင်းမှ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်သို့ဖြစ်စေ၊ နိုင်ငံတော်သမ္မတသို့ဖြစ်စေ၊ တရားရုံးအဆင့်ဆင့်သို့ဖြစ်စေ၊ ပြည်သူ့လွှတ်တော်များ၏ သက်ဆိုင်ရာရေးရာကော်မတီများသို့ဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌများသို့ဖြစ်စေ၊ မြန်မာ့အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ဖြစ်စေ၊ သတင်းမီဒီယာများသို့ဖြစ်စေ လွတ်လပ်စွာ တင်ပြခွင့်ကို ကူညီဆောင်ရွက်ပေးရေး။

(၁၀) တောင်သူလယ်သမားတို့၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးများ တိုးတက်မြင့်မားလာရေးအတွက် အစွမ်းကုန် ကြိုးပမ်းသွားရေး။

(၁၁) ခေတ်သစ်ပြည်သူ့ပါတီဝင်များသည် အစိုးရအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့နဲ့ ဆက်ဆံဆောင်ရွက်ရာတွင် နှုတ်အာကြမ်းတမ်းမှု ကင်းစင်ပြီး ဂုဏ်မြောက်စွာ ဆက်ဆံရေး။

(၁၂) ပြည်တွင်းပြဿနာကို ပြည်တွင်းမှာသာ ဖြေရှင်းဆောင်ရွက်ရမည် ဆိုသော အမျိုးသားရေးခံယူချက်ဖြင့် မိမိတို့ ပြည်သူတွင်း ပြဿနာများ၊ အခက်အခဲများ၊ မကျေနပ်မှုများကို ပြည်တွင်းမှာသာ (အကြိမ်တစ်ထောင်ဖြင့် မရလျှင် တစ်ထောင့်တစ်ကြိမ် ဆိုသကဲ့သို့) ကြိုးပမ်းဖြေရှင်းသွားရေး။

(၁၃) နိုင်ငံတော်အစိုးရ၏ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသော အစိုးရဖြစ်ရေးအပါအဝင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်သွားရေး။

(၁၄) အထက်ပါလုပ်ငန်းများအား ငြိမ်းချမ်းတိုးတက်သော နည်းလမ်းများဖြင့် မဖြစ်မနေ ကြိုးပမ်းသွားရေးတို့ဖြစ်ပါတယ်။

ကျွန်မတို့ပါတီဟာ အခြားသောအလုပ်သမားလူတန်းစားများ၊ ဆင်းရဲသားအလုပ်သမားများ၊ လုပ်ငန်းရှင်ကြီးငယ်များ ပါဝင်သော ပြည်သူလူထုတစ်ရပ်လုံးရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး တိုးတက်ဖြစ်ပေါ်မှုကို အတားအဆီးဖြစ်စေသော ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အမြန်ဆုံးပြုပြင်ပြောင်းလဲသွားနိုင်အောင် ဖွဲ့စည်းပုံ အခြေခံဥပဒေဘောင်အတွင်းက မပျက်မကွက် ကြိုးပမ်းသွားပါမယ်။

လူထုရှေ့ဆောင်ပါတီအဖွဲ့အစည်းများ ကျရှုံးစေတဲ့ အစွန်းရောက်အမှားသုံးရပ်ရှိပါတယ်။ ဒါတွေကတော့ (၁) အချုပ်အချယ်မရှိတဲ့ လွတ်လပ်မှုပေါ်တွင် (မူမဲ့) ပုဂ္ဂိုလ်ရေးသြဇာတည်ဆောက်ခြင်း၊ (၂) မိမိတို့ ဦးတည်ရည်မှန်းချက် မှန်ကန်သော်လည်း ပြည်သူလူထုရဲ့ ပကတိလူမှုဘဝနဲ့ မကိုက်ညီသေးတာကို အတင်းအဓမ္မ ချခင်းကျင့်သုံးခြင်း၊ (၃) မိမိတို့ မူဝါဒလမ်းစဉ်မှားနေတာကို မပြင်ဆင်ဘဲ ဆက်လက်ကျင့်သုံးခြင်းတို့ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်မတို့ ခေတ်သစ်ပြည်သူ့ပါတီက ဖော်ပြခဲ့တဲ့ အစွန်းရောက်အမှား (၃)ရပ်ကင်းစွာ ကမ္ဘာ့အလယ်မှာ ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အမျိုးသားရေးသင့်မြတ်စည်းလုံးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးများကို အစွမ်းကုန်ကြိုးပမ်းသွားပါမယ်လို့ ပြည်သူလူထုကြီးအား လေးနက်တည်ကြည်စွာ ကတိပြုပါတယ်ရှင့်။

ငြိမ်းချမ်းတိုးတက်သောလမ်းဖြင့် ဒီမိုကရေစီထွန်းကားနိုင်ရေးအတွက် ခေတ်သစ်ပြည်သူ့ပါတီရဲ့ မြန်မာနိုင်ငံပုံပါတဲ့ အစိမ်းရောင်ကမ္ဘာလုံးနဲ့ ကြယ်နီသုံးပွင့်ကို ထောက်ခံမဲပေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား-

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အထွေထွေအတွင်းရေးမှူး ဦးဌေးဦးဖြစ်ပါတယ်။

၂၀၁၀ ပြည့်နှစ်က ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှာ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်များအပေါ် ထောက်ခံအားပေးမှု၊ ပူးပေါင်းဆောင်ရွက်မှုများအတွက် မိဘပြည်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့ မိဘပြည်သူများရဲ့ ချစ်ခင်ယုံကြည်မှု၊ ထောက်ခံအားပေးမှုများအပေါ် ထာဝစဉ် ယုံကြည်တန်ဖိုးထားပြီး လေးစားခံယူလျက်ရှိပါတယ်။ မိဘပြည်သူများရဲ့ အားပေးထောက်ခံမှုနဲ့ တိုင်းရင်းသားအားလုံး အေးချမ်းသာယာမှုရှိစေရေး၊ ဘဝလုံခြုံမှုရှိစေရေး၊ စားဝတ်နေရေးနဲ့ လူမှုရေးလိုအပ်ချက်များ ပြည့်စုံစေရေး၊ ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာရေးတို့အတွက် လွှတ်တော်အတွင်း မှာရော လွှတ်တော်ပြင်ပမှာပါ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

မိဘပြည်သူများခင်ဗျား-

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံတော်ရဲ့ ဒေသအသီးသီးက တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံက ယုံကြည်ချက်တူသူများနဲ့ ပေါင်းစုဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။

ပါတီရဲ့ရည်မှန်းချက်ဟာ ပြည်သူများရဲ့ဆန္ဒနဲ့ ထပ်တူထပ်မျှဖြစ်တဲ့ "အေးချမ်းသာယာမှုရှိသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုရှိသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးနှင့် အစွန့်ရှည်တိုးတက်တည်တံ့ခိုင်မြဲရေး"ပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေနဲ့ သမိုင်းပေးလိုအပ်ချက်အရ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"ဆိုတဲ့ အမျိုးသားရေးမူဝါဒကို ထာဝစဉ်ဦးထိပ်ထားပြီး ခံယူကျင့်သုံးသွားမှာဖြစ်ပါတယ်။

လွတ်လပ်မှုနှင့် တာဝန်ရှိမှုကို ဟန်ချက်ညီညီကျင့်သုံးတဲ့ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်နှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှုလျှော့ချရေးနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ စီးပွားရေးပိုမိုမြင့်မားတိုးတက်စေဖို့ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာကျင့်သုံးနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေဖို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတော်နဲ့ ပြည်သူများရဲ့ အကျိုးစီးပွားကို ထိခိုက်စေနိုင်တဲ့ ပြည်တွင်း ပြည်ပက အန္တရာယ်တွေကို ကာကွယ်တားဆီးနိုင်ရေး အတွက်လည်း ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးများ ရရှိရေးအတွက်လည်း အာမခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ နယ်စပ်ဒေသများက တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုရှိရေး၊ မိမိတို့လယ်ယာမြေများ ဆုံးရှုံးမှုမရှိရေး၊ လယ်ယာထွက်ကုန်များ သင့်လျော်တဲ့ ဈေးနှုန်းများရရှိရေးတို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေးနှင့် အလုပ်သမားများရဲ့ အနိမ့်ဆုံးလုပ်ခလစာကို ဖြစ်ပေါ်နေတဲ့ လူနေမှုစရိတ်နဲ့ လိုက်လျောညီထွေဖြစ်အောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်ကလည်း ကုန်ဈေးနှုန်းများ မြင့်မားမှုမရှိအောင် ကုန်သွယ်မှုကဏ္ဍ အဆင်ပြေချောမွေ့အောင်လည်း နည်းလမ်းရှာဖွေဆောင်ရွက်လျက်ရှိပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား-

ပါတီအနေနဲ့ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကို အာမခံမှာဖြစ်ပါတယ်။ ပညာရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အတွက် အားထားရတဲ့ နိုင်ငံတကာအဆင့်မီ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်သွားမှာ ဖြစ်ပါတယ်။ တစ်မျိုးသားလုံးလွှမ်းခြုံတဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုရရှိခံစားနိုင်ရေး၊ တိုင်းရင်းသားများအတွင်း အမျိုးသားယဉ်ကျေးမှုဆိုင်ရာ စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းမြှင့်တင်ရေးတို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ခေတ်စနစ်နဲ့ ဆီလျော်ကိုက်ညီမှုမရှိတော့တဲ့ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့ကိုလည်း ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်၊ အမျိုးသမီး၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ အနုပညာရှင်၊ မီဒီယာ၊ ပြည်သူ့ဝန်ထမ်းစတဲ့ အလွှာအသီးသီး၊ လူထုလူတန်းစားအသီးသီးက ပြည်သူအားလုံးဟာ နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးမှာ ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်နေကြတဲ့ အရေးပါတဲ့ အင်အားစုများ ဖြစ်ကြတယ်လို့ ကျွန်တော်တို့ပါတီက ခံယူထားပါတယ်။ ပါတီက ချမှတ်ထားတဲ့မူဝါဒတွေ၊ လက်တွေ့ဆောင်ရွက်နေကြတဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေဟာ မိဘပြည်သူများရဲ့ အကျိုးအတွက်သာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပါတီဝင်များဟာ ပြည်သူထဲက ပြည်သူတွေဖြစ်ကြတဲ့အတိုင်း အမိမြေမှာမွေး၊ အမိရေကိုသောက်၊ အမိနိုင်ငံတော်နှင့် ပြည်သူများရဲ့ စောင့်ရှောက်မှုနဲ့ ရှင်သန်ခိုင်မာလာကြတာဖြစ်ပါတယ်။ မိမိတို့ရဲ့ ဒေသ၊ မိမိတို့ရဲ့နိုင်ငံ၊ မိမိတို့ရဲ့ ပြည်သူများအပေါ် နိုင်ငံကိုချစ်တဲ့၊ လူမျိုးကိုချစ်တဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ တတ်စွမ်းသမျှ နည်းလမ်းရှာဖွေဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။ မိမိတို့အပေါ် ကျေးဇူးပြုထားတဲ့ အမိနိုင်ငံတော်နဲ့ ပြည်သူများအပေါ် ကျေးဇူးဆပ်နေခြင်း ဖြစ်တယ်လို့ ခံယူပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူများအကျိုးအတွက် သယ်ပိုးဆောင်ရွက်ရာမှာ တရားဝင်ဖွဲ့စည်းထားတဲ့ ပါတီများနဲ့ လူပုဂ္ဂိုလ်များကိုလည်း လုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထားဆောင်ရွက်လျက်ရှိပါတယ်။

မိဘပြည်သူများခင်ဗျား-

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးအပါအဝင် လုပ်ငန်းစဉ်တိုင်းဟာ အတိတ်ကာလက ဖြစ်ပေါ်ခဲ့တဲ့ ဆိုးမွေ ကောင်းမွေတွေအပေါ် အခြေပြုပြီး အနာဂတ်ကာလမှာ ကောင်းမွန်တဲ့ အကျိုးတရားတွေပေါ်ပေါက်လာအောင် ပစ္စုပ္ပန်ကာလမှာ အင်နဲ့အားနဲ့၊ နည်းမှန်လမ်းမှန် ကြိုးပမ်းဆောင်ရွက်ကြရတာဖြစ်ပါတယ်။ ဒီနေ့ဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုတွေဟာ အတိတ်ကာလက ကြိုးပမ်းဆောင်ရွက်မှုတွေရဲ့ ရလဒ်ဖြစ်ပါတယ်။ အတိတ်သမိုင်းကြောင်း ကောင်းဖို့လိုပါတယ်။ ယေဘုယျအားဖြင့် ကောင်းမွန်သောအတိတ်သမိုင်းကြောင်း ရှိသူများကသာ ကောင်းမွန်သော အနာဂတ်ကိုဖော်ဆောင်ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ဒီနေ့ပစ္စုပ္ပန်ကာလဟာလည်း နောက်နေ့ ရောက်ရင် အတိတ်ကာလကို ပြောင်းသွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပါတီအနေနဲ့ ပစ္စုပ္ပန်ကာလတိုင်းမှာ နိုင်ငံတော်နဲ့ ပြည်သူများအတွက် အကောင်းဆုံး၊ အကျိုးအရှိဆုံး ကြိုးပမ်းသွားရမယ်လို့ ခံယူဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား-

မကြာမီ ကျင်းပပြုလုပ်တော့မည့် ကြားဖြတ်ရွေးကောက်ပွဲကြီးမှာ မဲဆန္ဒ နယ်မြေက မိဘပြည်သူများအနေနဲ့ မိမိတို့နယ်မြေနဲ့ ပြည်သူများရဲ့အကျိုးကို အမှန် တကယ် သယ်ပိုးနိုင်စွမ်းရှိတဲ့ ကိုယ်စားလှယ်တွေကို ရွေးချယ်ကြရတော့မှာဖြစ်ပါတယ်။ မိမိတို့ ရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်များဟာ မိမိတို့နယ်မြေရဲ့အကျိုး၊ ပြည်သူများရဲ့ အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့လိုပါတယ်။ ကြိုတင်မှန်းဆ ရုံသာ တတ်နိုင်တဲ့ အနာဂတ်ကာလအတွက် လက်ရှိပစ္စုပ္ပန်ကာလနဲ့ အတိတ်ကာလက ဆောင်ရွက်ပေးခဲ့မှုတွေအပေါ် ချိန်ထိုးသုံးသပ်ဆင်ခြင်ကြရမှာ ဖြစ်ပါတယ်။ မိမိတို့ ဒေသရဲ့အကျိုးကို ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်း၊ ဘယ်လိုပုဂ္ဂိုလ်တွေက အပြောနဲ့ မဟုတ်ဘဲ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတယ်ဆိုတာ ပြည်သူများကိုယ်တိုင် တွေ့မြင်သိရှိနေတဲ့ ပကတိအရှိတရားပေါ် စဉ်းစားဆင်ခြင်ပြီး မှန်ကန်စွာရွေးချယ်နိုင်ကြမည်လို့ ယုံကြည်ပါတယ်။

မိဘပြည်သူများခင်ဗျား-

ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကြီးဟာ (၁၇)နှစ်နီးပါး နိုင်ငံတော်နဲ့ ပြည်သူများရဲ့အကျိုးအတွက် ပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို အမွေခံ အခြေပြုပြီး ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်သစ်ကို ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် မိဘပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ခဲ့တဲ့ အမျိုးသားရေးအင်အားစုကြီး ဖြစ်ပါတယ်။ ပြည်သူများရဲ့ လိုအပ်ချက်အားလုံးကို ပြည့်စုံအောင် ဆောင်ရွက်ပေးတယ်လို့ မဆိုနိုင်ပေမယ့် အကျိုးရှိတဲ့ ကောင်းတဲ့ လုပ်ဆောင်ချက်အများဆုံးဖြစ်အောင် လက်တွေ့ဆောင်ရွက်ပေးနိုင်ခဲ့တဲ့ပါတီကြီး ဖြစ်ပါတယ်။ ပြည်သူတွေလိုလားတဲ့ မပြီးပြတ်သေးတဲ့ လုပ်ငန်းစဉ်တွေကိုလည်း အခြေအနေပေးတာနဲ့ ပြီးပြတ်အောင် ဆောင်ရွက်ပေးဖို့ အာမခံနိုင်တဲ့ ပါတီကြီးဖြစ်ပါတယ်။ တစ်ဦးကောင်းတစ်ယောက်ကောင်းနဲ့ ဖွဲ့စည်းထားတာမဟုတ်ဘဲ ပြည်သူများရဲ့အသံ၊ ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့ လိုအပ်ချက်တွေကို အလေးထားတဲ့ စုပေါင်းခေါင်းဆောင်မှုရှိတဲ့ ခိုင်မာတဲ့ အဖွဲ့အစည်းကြီး ဖြစ်ပါတယ်။ ပါတီရဲ့ဆောင်ပုဒ်ဟာ "ပြည်သူ့သဘောထား ဒို့အလေးထား၊ ပြည်သူ့အခွင့်အရေး ဒို့ဦးစားပေး၊ ပြည်သူ့လိုအပ်ချက် ဒို့ဆောင်ရွက်" ဖြစ်ပါတယ်။ ပါတီဟာ အမျိုးသားရေးနဲ့ ဒီမိုကရေစီရေးကို အာမခံတဲ့ ပါတီကြီး ဖြစ်ပါတယ်။ ပြည်သူသာအမိ ပြည်သူသာအဖလို့ ခံယူထားပါတယ်။ ပြည်သူများရဲ့အကျိုးကို အမှန်တကယ် စိတ်ရောကိုယ်ပါ သယ်ပိုးနိုင်တဲ့၊ သယ်ပိုးနိုင်စွမ်းရှိတဲ့၊ သယ်ပိုးနေတဲ့ ကိုယ်စားလှယ်ကောင်းတွေကိုလည်း ပါတီအနေနဲ့ စိစစ်ရွေးချယ်ပေးထားပြီး ဖြစ်ပါတယ်။ ပကတိအရှိတရားဖြစ်တဲ့ လက်တွေ့ဖြစ်စဉ်များအပေါ် ပြည်သူများအနေနဲ့ အသိနဲ့ယှဉ်၊ သတိနဲ့ဆင်ခြင်ပြီး နှိုင်းယှဉ်အတည်ပြု မဲပေးရွေးချယ်ပေးကြဖို့ ပန်ကြားတင်ပြအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ပထမဆုံးအကြိမ် အလုပ်အကိုင်အခွင့်အလမ်းများပြပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံတွင် ပထမဆုံးစတင်ကျင်းပသော အလုပ်အကိုင်အခွင့်အလမ်းပွဲတော်ကို လာမည့် မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးချုပ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အလုပ်အကိုင် လိုအပ်နေသူများအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးအပ်နိုင်သည့်ကုမ္ပဏီများက အလုပ်လျှောက်လွှာတင်ခြင်း၊ အင်တာဗျူးခြင်းနှင့် အလုပ်ခန့်အပ်ခြင်းများကို အဆိုပါပြပွဲ ကျင်းပသည့်နှစ်ရက်တွင် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) မှ သိရသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးပြုလုပ်မည့် အလုပ်အကိုင် အခွင့်အလမ်းပွဲတော်တွင် အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်သည့် ကုမ္ပဏီများက ပြပွဲတွင် ဝင်ရောက်ပြသမည်ဖြစ်သည်။ အလုပ်အကိုင်လိုအပ်သူများက အလုပ်လျှောက်ထားခြင်းများကို ပြုလုပ်နိုင်သည်ဟု သိရပြီး အင်တာဗျူးခြင်းနှင့် ခန့်အပ်ခြင်းများကိုလည်း တစ်ပါတည်း ပြုလုပ်သွားမည်ဖြစ်သည်။ ပြပွဲတွင် ကုမ္ပဏီပေါင်း ၅၀ ကျော် ဝင်ရောက်ပြသကာ အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ယင်းသို့ အလုပ်အကိုင်ဆောင်ရွက်လိုသူများအနေဖြင့် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အသင်းသို့ ဆက်သွယ်နိုင်သည်ဟု သိရသည်။ ပြပွဲရက် နှစ်ရက်တွင် ဆရာအော်ပီကျယ်၊ ဆရာအောင်ထွန်းသက်တို့၏ ပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

ကုန်စည်ပြပွဲများ၊ ပွဲတော်များ ကျင်းပလေ့ရှိသော်လည်း ယခုကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းပွဲတော်မှာ ထူးထူးခြားခြား ကျင်းပခြင်းဖြစ်ပြီး အလုပ်အကိုင်လိုအပ်နေသူများအတွက် ပြပွဲတစ်နေရာတည်းတွင် အဆင်ပြေအကျိုးရှိစေနိုင်မည့် ပြပွဲတစ်ခုဖြစ်ကြောင်း သိရသည်။ (၀၀၁)

မြဝတီစာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောမည်

မြဝတီ မတ် ၁၁

မြဝတီခရိုင် မြဝတီမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် (၆၇)ကြိမ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို မြဝတီမြို့ သောင်ရင်းခန်းမ၌ မတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ စာရေးဆရာကြီးများဖြစ်ကြသော နွမ်ဂျာသိုင်း၊ အော်ပီကျယ်၊ အကြည်တော်နှင့် ဆရာမဂျူးတို့က ည ၇ နာရီတွင် ဟောပြောမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (၅၇၀)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၂-၃-၂၀၁၂ (တနင်္လာနေ့)

၅း၄၀	"ဆည်းဆာအလှမြတ်ဘဝ" တရားတော် (ဆရာတော်အရှင်ပဏ္ဍိတ)
၉း၄၅	စိမ်းလဲ့စိုအားလပ်ရက် အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်း၏ ဇမ္ဗူသီရိဘုရားဖူးအဖွဲ့ ဗုဒ္ဓဂယာခရီးစဉ်
၁၁း၀၅	Celebrity Choice (Bunny Phyo) (အပိုင်း-၂)
၁၂း၂၀	ဘဝထဲကကဗျာ၊ ကဗျာထဲကဘဝ
၁၂း၄၀	Myanmar Cooking Master (ပွဲစဉ်-၃)
၂း၂၀	ဖောင်တော်သီကျောင်းသားဟောင်း အာစရိယပူဇော်ပွဲ
၂း၄၅	Sky Five Entertainment မှ ကြီးမှူးကျင်းပသော သီချင်းဆိုပြိုင်ပွဲ
၄း၃၅	ရန်ကုန်မြင်ကွင်းကျယ် (Kanebo ရွှေချည် ငွေချည်တန်းပါလို့)
၄း၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၂၅	Sunday Talk (ဒေါက်တာခင်မောင်ညို၊ မျိုးမြတ်သူ)
၆း၄၅	**MRTV-4 ရုပ်သံ ဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၁၉)**
၇း၄၀	ဗီဒီယိုပြခန်း
၈း၀၀	MRTV-4 သတင်း
၈း၃၀	အနုပညာမိုးကောင်းကင်
၉း၂၀	The Shop Around The Corner (Part-41)
၉း၃၀	**MRTV-4 ရုပ်သံ ဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၉၆)**
၁၀း၂၀	FMF Selection
၁၀း၄၀	**MRTV-4 ရုပ်သံ ဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့် လှစေသူ" (အပိုင်း-၁၁)**
၁၁း၅၀	အများမြင်စရာ နှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၂)
၁၂း၃၀	နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (ဒုတိယပိုင်း)
၂း၀၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဥမ္မာကျော်)
၂း၂၅	Barclays Premier League (Arsenal Vs Newcastle) (LIVE)
၄း၂၅	ဆီအုန်းစိုက်ပျိုး ထုတ်လုပ်ခြင်း
၄း၄၀	ဖူးမည်အမှန်. . . ထူးမည်ကေန်. . . မာရ်ငါးမာရ်

Barclays Premier League **ဘောလုံးပွဲစဉ်**

နံနက်ပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၂း၂၅	Arsenal	-	Newcastle	ESPN(MRTV-4)

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ

နေပြည်တော် မတ် ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မန္တလေးတိုင်းဒေသကြီး တိုင်း၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား မတ် ၄ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အမျိုးသားအဆင့်လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း၊ အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်လုပ်ငန်း၊ ၂၀၁၂ ခုနှစ် ပြည်တွင်းပြောင်းရွှေ့သွားလာမှု စစ်တမ်းကောက်ယူရေးနှင့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပုံများ၊ ယင်းလုပ်ငန်းများ အောင်မြင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရေးနှင့် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၉ ရက် နံနက် ၉ နာရီတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့လက်မှတ်များ ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သိန်းညွှန့်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်ပညာရေး အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းတို့က ဘွဲ့လက်မှတ်များ ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ တိုးတက်အောင် ဆောင်ရွက်ပေးရင်း ပြည်ထောင်စုကြီးပါ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မောင်တို့မယ်တို့သည် အမိတက္ကသိုလ်က အပ်နှင်းသည့် ဘွဲ့အသီးသီးကို ပိုင်ဆိုင်ထားသူများ ပီပီ မိမိတို့အဆင့်နှင့် လျော်ညီစွာ ပြုမူပြောဆိုကျင့်ကြံနေထိုင်ပြီး နိုင်ငံတော်၏ အကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်သူများအဖြစ်သာမက တက္ကသိုလ်၏ ဂုဏ်ကို မြှင့်တင်နိုင်သူများဖြစ်အောင် အစဉ်ကြိုးပမ်းအားထုတ်နေကြရန်လိုကြောင်း၊ ပညာရေးကဏ္ဍသည် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဆောင်ရွက်ပေးသည့်ကဏ္ဍ ဖြစ်သည့်အတွက် ပညာရေးတာဝန်ရယူကြတော့မည့် မောင်တို့မယ်တို့အနေဖြင့် တိုးတက်ဖြစ်ပေါ်နေသည့် ပညာရေးဝန်းကျင်တွင် ခေတ်နှင့်အညီ ခေတ်မီနည်းပညာများ အသုံးပြုပြီး အောင်မြင်သည့်ဆရာ ဆရာမများဖြစ်ရန် ရည်မှန်းချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကြောင့် မကြာမီကာလတွင် ရရှိခံစားရတော့မည့် တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေး အသီးအပွင့်များ မပျောက်မပျက် အရှည်တည်တံ့ရန်အတွက် တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် အစဉ်ခိုင်မာနေရန် မောင်တို့မယ်တို့အနေဖြင့် စွမ်းအားရှိသရွေ့ ထိန်းသိမ်းဖော်ဆောင်ပေးရန် မှာကြားလိုကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တခဲ့သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရောက်ရှိရန် ဖော်ဆောင်ပေးနေသော အစိုးရသစ်၏ ဦးဆောင်မှုအောက်တွင် အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် နိုင်ငံတော်အဖြစ် ရောက်ရှိအောင် မောင်တို့မယ်တို့ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တစ်ညီတစ်ညွတ်တည်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

အမိတက္ကသိုလ်အနေဖြင့် မူလတန်း ဆရာ အတတ်သင်တန်းဆင်း ၆၈၅၉ ဦး၊ အထူးမူလတန်း ဆရာအတတ်သင်တန်းဆင်း ၄၆၁ ဦး မွေးထုတ်ခဲ့ပြီး တက္ကသိုလ်အဆင့်တွင် မဟာပညာရေးဘွဲ့ရရှိသူ ၉၃ ဦး၊ မဟာဒဿန ပညာရေးဘွဲ့ရရှိသူ ၃၅ ဦး၊ ပညာရေးဘွဲ့ရရှိသူ ၃၄၅၄ ဦး၊ ဆရာအတတ်ပညာဒီပလိုမာရရှိသူ ၆၃၅ ဦးနှင့် အလယ်တန်းဆရာအတတ်သင်တန်းဆင်းသူ ၉၅၆ ဦး ရှိပြီဖြစ်သည့်အတွက် လေ့ကျင့်မွေးထုတ်ပေးခဲ့သူ ပေါင်း ၁၂၄၉၃ ဦး ရှိပြီဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် နိုင်ငံတော်က စနစ်တကျ ပျိုးထောင်ပေးခဲ့သည့် သားကောင်းသမီးမွန်များပီသစွာ ပေးအပ်သည့်တာဝန်များကို အားကြိုးမာန်တက် ထမ်းဆောင်ပြီး အမိတက္ကသိုလ်၏ဂုဏ်ကို မြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်းဒီပလိုမာသင်တန်းအမှတ်စဉ်(၄)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အဆိုပါ ကောလိပ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ် အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ်(၄) ဆင်းပွဲတွင် စံပြအရာရှိလောင်း (ရေကြောင်း)နှင့် စာပေထူးချွန်(ရေကြောင်း) ဆုရ အရာရှိလောင်း ဇော်ထက်အောင်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က စံပြအရာရှိလောင်း (ရေကြောင်း)နှင့် စာပေထူးချွန်(ရေကြောင်း)ဆုရ (ရ/၁၉၆၅)အရာရှိလောင်း ဇော်ထက်အောင်၊ စံပြအရာရှိလောင်း(အင်ဂျင်နီယာ)နှင့် စာပေထူးချွန်(အင်ဂျင်နီယာ)ဆုရ (စ/၁၉၂၅) အရာရှိလောင်း အောင်မျိုးဇော်နှင့် အကောင်းဆုံးစစ်ရေးပြဆုရ ရေဝတီတပ်ခွဲ၊ မိဂသီတပ်ခွဲတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဒီပလိုမာလက်မှတ်ရ အရာရှိလောင်း ၁၁၀ နှင့် ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်း ၁၃၀ စုစုပေါင်း ၂၄၀ တို့ သင်တန်းတက်ရောက်အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ(အကျဉ်း-ပထမပိုင်း) နှင့် ဓမ္မပူဇာစာစဉ်များ



ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ ပြုစုရေးသား၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ၁၉၇၉ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

မြန်မာနိုင်ငံ သာသနာသမိုင်းတွင် ထင်ရှားကျော်ကြားသော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ပြန်လည်ပုံနှိပ်ထုတ်ဝေခြင်းဖြင့် ထွန်းလင်းတောက်ပလျက်ရှိသော မြန်မာနိုင်ငံ၏ ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာတို့ကို အားဖြည့်ပေးရာရောက်ပြီး မျိုးဆက်သစ်လူငယ် များသည် ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို စာအုပ်တွင် ဖတ်ရှုရသဖြင့် မြန်မာနိုင်ငံ၏ သာသနာတော် ခိုင်မြဲတည်တံ့ပြန့်ပွားတိုးတက်စေရေးအတွက် အင်အားတစ်ရပ်ဖြစ်စေမည်ဖြစ်သည်။

- - - - - - - - -

လူဖြစ်ကျိုးနပ်ဖို့ သောတာပန်သို့

S.S ခင်မောင်အေး ရေးသားသည့် လူဖြစ်ကျိုးနပ်ဖို့ သောတာပန်သို့စာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။ စာအုပ်အရွယ်အစားသေးပြီး တန်ဖိုးနည်းသဖြင့် ဗုဒ္ဓသာသနာပြန့်ပွားရေးနှင့် ဗုဒ္ဓနှစ် (၂၆၀၀) ပြည့် ပူဇော်ခြင်းအတွက် ထိရောက်လွယ်ကူသော စာအုပ်ငယ်ဖြစ်သည်။ စာအုပ်တွင် လူသားတိုင်းအတွက် နောက်ဆုံးသွားရမည့် လမ်းဆုံလမ်းခွတွင် အပါယ်လေးဘုံ၊ အထက်ရှစ်ဘုံသို့ သွားရန်အတွက် ကျင့်ကြံရမည့် အကျင့်နှင့် မှားယွင်းသော လုပ်ဆောင်မှုတို့ကို လွယ်လင့်တကူ ပြဆိုထားသည်။ စာအုပ်ကို ပညာဗိမာန် (ပညာချွန်) စာအုပ်တိုက်က ကျပ် ၅၀၀ ဖြင့် ဖြန့်ချိထားသည်။

- - - - - - - - -

ပလန်ဘန်လက်ဆောင်စာအုပ်ထွက်ရှိ

စာရေးသူ ရန်နိုင်ဦး၏ ပလန်ဘန်လက်ဆောင် စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ ပလန်ဘန်မြို့၌ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ စာရေးသူ သွားရောက်လေ့လာစေ့ငုခဲ့သည့် အတွေ့အကြုံများကို ရှုထောင့်စုံမှ စိတ်ဝင်စားဖွယ် ရေးသားထားသည်။

စာရေးသူက ဤကဲ့သို့သော SEA Games ပြိုင်ပွဲများအား အရှေ့တောင်အာရှ ၁၁ နိုင်ငံတွင် နိုင်ငံအလိုက် အလှည့်ကျကျင်းပသည့် အစဉ်အလာအရ ကျွန်တော်တို့ မြန်မာနိုင်ငံ၌ 27th SEA Games ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် (၁)ကြိမ် ကျင်းပပြီးပါက နောင် နှစ်ပေါင်း (၂၀)ကျော်မှသာ နောက်ထပ်တစ်ကြိမ် ထပ်မံကျင်းပခွင့်ရတော့မည် ဖြစ်သည်။ ထိုအချိန် ထိုကာလတွင် သင်္ခါရတရားအရ ကျွန်တော်တို့သည် လူ့လောက၌ ရှိမည်၊ မရှိမည်မှာ သိပ်မသေချာလှ။ ထို့ကြောင့် ကျွန်တော်တို့ ကြုံတောင့်ကြုံခဲ မျက်ဝါးထင်ထင် ပါဝင်ဆောင်ရွက်ခွင့်ရရှိသည့် လက်ရှိကာလတွင် 27th SEA Games ပြိုင်ပွဲကြီးကို နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အရာအားလုံးကို နားလည်ခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်းတို့ဖြင့် နိုင်ငံ့သားကောင်းပီသစွာ နိုင်ငံသားတိုင်းက ကိုယ်စီကိုယ်င အစွမ်းကုန်ကြိုးစားဆောင်ရွက်သင့်လှပေသည်ဟု တိုက်တွန်းရေးသားထားသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် တစ်စုံတစ်ခုသော အတိုင်းအတာထိ အထောက်အကူပြုမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

- - - - - - - - -

PHP လေ့ကျင့်ခန်းမဟုတ်ဘဲ PHP လေ့ကားထစ်များ စာအုပ်ထုတ်ဝေ



စာရေးဆရာကိုကျော်၏ PHP လှေကားထစ်များ စာအုပ်ကို မဇ္ဈိမစာပေမှ ဖြန့်ချိလိုက်သည်။ အဆိုပါစာအုပ်တွင် ကွန်ပျူတာနှင့် ဝက်ဘ်ဆိုက်ကို ဝါသနာပါသော လူငယ်များအတွက် အခန်း ခြောက်ခန်း ပါဝင်ပြီး အသေးစိတ်လေ့လာပါက ကျယ်ပြန့်သည့် ဝက်ဘ်ဆိုက်များ၊ ဆန်းသစ်သော နည်းပညာဖြင့် လုပ်ကိုင်နိုင်မည့် နည်းစနစ်များကို တွေ့ရမည်ဖြစ်သည်။ movie review dynamic website တစ်ခုကို အခြေခံကျကျ ဖန်တီးနိုင်မည့် အသိပညာများလည်း ရလာနိုင်မည့် စာအုပ်ဖြစ်သည်။ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

- - - - - - - - -

၂၁ ရာစု ကွန်ပျူတာအဘိဓာန်



ဆရာမောင်ထူးချွန်ပြုစုသော ၂၁ ရာစု ကွန်ပျူတာအဘိဓာန်စာအုပ် ထွက်ရှိလာသည်။ ထိုစာအုပ်တွင် ကွန်ပျူတာနယ်ပယ်၌ လက်တွေ့အသုံးတွင်ကျယ်သည့် ခေတ်သစ်ကွန်ပျူတာ ဝေါဟာရများအပြင် အင်တာနက်နှင့်ပတ်သက်သော စကားလုံးများ၊ ICT နှင့် ပတ်သက်သော စကားလုံးသစ်များ၊ Networking နှင့် ပတ်သက်သော စကားလုံးများနှင့် ကွန်ပျူတာနည်းပညာဆိုင်ရာ ဝေါဟာရပေါင်း ၄၀၀၀ ကျော်၏ ကျစ်လျစ်ခိုင်မာပြည့်စုံသော အဓိပ္ပာယ်ဖွင့်ဆိုချက်များပါရှိရာ လေ့လာဖွယ်ရာ နည်းပညာဆိုင်ရာ အဘိဓာန်စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ မဇ္ဈိမစာပေမှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော အဆင့်မြင့်ပညာနှင့် နည်းပညာတက္ကသိုလ်များ

စစ်ကိုင်းတိုင်းဒေသကြီးတွင် အဆင့်မြင့်ပညာနှင့် နည်းပညာ အခြေခံ အဆောက်အအုံများ တည်ဆောက် ဖွင့်လှစ်ပေးထားသဖြင့် နိုင်ငံနှင့် ဒေသအကျိုးပြု လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွက်လာသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသခံလူငယ်လူရွယ်များ အဆင့်မြင့်နည်းပညာများ တတ်မြောက်စေရန်အတွက် မုံရွာမြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ် (မုံရွာ) (ဝဲပုံ)၊ စစ်ကိုင်းမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (အောက်ဝဲပုံ)နှင့် မုံရွာမြို့ရှိ စီးပွားရေးတက္ကသိုလ်(မုံရွာ) (အောက်ပုံ)တို့ကို တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူငယ်လူရွယ်များ အဆင့်မြင့်နည်းပညာသင်ကြားတတ်မြောက်စေရန်အတွက် ရွှေဘိုမြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ်(ရွှေဘို)ကို တွေ့ရစဉ်။

☆ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပြည်နယ်၏ နောက်ခံသမိုင်း၊ ပြည်နယ်ဆိုင်ရာ အချက်အလက်များ၊ မျိုးနွယ်စုအလိုက်နေထိုင်မှု၊ မြေအသုံးချမှု၊ သီးနှံများစိုက်ပျိုးမှု၊ ဆန်နှင့်ဆီဖူလုံမှု၊ သားငါးကဏ္ဍနှင့် မွေးမြူရေးဇုန်များဖော်ထုတ်ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေး၊ စက်မှုဇုန်လုပ်ငန်းများ၊ ရေရရှိရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများက တောင်ကြီးမြို့ သောက်သုံးရေဖူလုံရေး၊ တောင်ကြီးမြို့နယ်နှင့် ဟိုပုံးမြို့နယ်ကို ဆက်သွယ်ပေးသည့် အရှည် ၃၇ မိုင်ခန့်ရှိ တောင်ကြီး-ဇလဲ-လက်သက်-မိုင်းပျဉ်းလမ်းအား ရာသီမရွေးသွားလာနိုင်အောင် ဖောက်လုပ်ပေးရေးနှင့် ညောင်ဖြူစခန်း နယ်မြေ(၁၀) အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းကို မူလတန်းလွန်ကျောင်းအဆင့်မှ အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့် တိုးမြှင့်ပေးရေးကိစ္စရပ်များကို တင်ပြကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ရှမ်းပြည်နယ်တွင် စုစုပေါင်းအရှည် ၆၈၆၉ မိုင်ရှိ လမ်းများနှင့် ရေပြွန်အပါအဝင် တံတားပေါင်း ၁၂၁၆၃ စင်း တည်ဆောက်ပေးထားမှု၊ လမ်းအဆင့်မြှင့်တင်ပေးနေမှုနှင့် အသစ်ဖောက်လုပ်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုးပွင့်စီမံချက်ဆိုင်ရာများနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဝန်ကြီးဌာန၏ နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားများဖြန့်ဖြူးပေးနေမှုအခြေအနေများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက တောင်ကြီးမြို့ သောက်သုံးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက တောင်ကြီးမြို့ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း သုံးကျောင်းအား အလယ်တန်းကျောင်းခွဲအဆင့် တိုးမြှင့်ဖွင့်လှစ်ရေးဆိုင်ရာကိစ္စများကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မှာကြားရာတွင် ယနေ့ မိမိနှင့်ပြည်ထောင်စုဝန်ကြီးများသည် ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းများကို ပြည်ထောင်စုအစိုးရက ကွင်းဆင်းကြည့်ရှုပြီး ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ဆောင်ချက်များကို ရှင်းလင်းချပြနိုင်ရန်ဟူသည့် ရည်ရွယ်ချက်နှစ်ရပ်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့သည် နိုင်ငံတော်၌ ဒီမိုကရေစီစနစ်ကျင့်သုံး ဖော်ဆောင်ရန် ပြည်သူကရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရဖြစ်သည့်အတွက် မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံဖြစ်လာအောင် ရှေ့ဆက်ပြီး ပုံဖော်လျှောက်လှမ်း ချီတက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီခိုင်မာရှင်သန်စေရေးအတွက် တိုင်းပြည် တည်ငြိမ်အေးချမ်းမှု ရှိရန်နှင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်ကြောင်း၊ ၎င်းနှစ်ချက်သည်ပင် ယနေ့ပြည်သူအများစု၏ အဓိကလိုလားချက်ဆန္ဒ နှစ်ရပ်လည်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံနှင့် ပြည်သူများသည် မတည်မငြိမ် မအေးမချမ်းဘဝ၌ ကျင်လည်ဖြတ်သန်းခဲ့ရသည်မှာ နှစ်ပေါင်း(၆၀)ကျော်ကြာခဲ့ပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်သည်လည်း တည်ငြိမ်အေးချမ်းမှုကင်းမဲ့သည့် ဒဏ်ရာဒဏ်ချက်များကို ယနေ့တိုင်ခံစားနေရဆဲဖြစ်ကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းနိုင်ငံရေးတည်ငြိမ်အောင် နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်တွင်းနိုင်ငံရေးအင်အားစုများနှင့် တွေ့ဆုံညှိနှိုင်းပြီး မတူသည်များကို ဖယ်ထားကာ တူညီသည်များကို လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် ဖော်ဆောင်လျက်ရှိသကဲ့သို့ နိုင်ငံရေးအင်အားစုများ အားလုံး

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

မိကျောင်းစာများ လှူဒါန်းကျွေးမွေး

ရန်ကုန် မတ် ၁၁

မျိုးသုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် သတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်ရန်၊ ပြည်သူများ ဗဟုသုတရရှိစေရန်နှင့် အပန်းပြေစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းစောင့်ရှောက်မှုများကို အလေးထားတတ်စေရန် ရည်ရွယ်၍ ငါးလုပ်ငန်းဦးစီးဌာနက သာကေတမြို့နယ်၌ မိကျောင်းမွေးမြူရေးစခန်း ဖွင့်လှစ်ကာ ဇန်နဝါရီ ၁ ရက်မှစ၍ ပြည်သူများ အခမဲ့ကြည့်ရှုနိုင်ရန် စီစဉ်ပေးလျက်ရှိသည်။

အဆိုပါ မိကျောင်းမွေးမြူရေးစခန်းမှ မိကျောင်းများအား ကျွေးမွေးရန် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ရွှေဇင်ယော်ဟိန်း၊ အဏ္ဏဝါဦးပိုင်၊ အဏ္ဏဝါအောင်၊ အဏ္ဏဝါလွှမ်း၊ ဆင်မင်း၊ မြန်မာမန်း၊ MMG ငါးတင်၊ ငါးချဆိပ်ကမ်းများကလည်း မိကျောင်းစာအတွက်ငါးများ အပတ်စဉ်လှူဒါန်းကြကြောင်း သိရသည်။ (ဆွေဆွေ)

အနာဂတ်နိုင်ငံရေးလုပ်ငန်းစဉ်များ၌ ပူးပေါင်းလက်တွဲပါဝင်လာနိုင်စေရန်လည်း ပြုပြင်ပြောင်းလဲဖော်ဆောင်ပေးလျက်ရှိကြောင်း။

တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူအားလုံး၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး ရယူတည်ဆောက်နိုင်ရန်အတွက် ကမ်းလှမ်းညှိနှိုင်းဆွေးနွေးမှုများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ဆွေးနွေးညှိနှိုင်းသဘောတူညီမှုများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရရှိအောင်မြင်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးသည့်အဖွဲ့အားလုံးက ပြည်ထောင်စုကြီးထဲမှ မည်သည့်အခါမျှ ခွဲထွက်မည်မဟုတ်ကြောင်းနှင့် ဒို့တာဝန်အရေးသုံးပါးကို လက်ခံယုံကြည်ကြောင်းတို့ကို သဘောတူလက်ခံထားကြပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရယူပြီးပါက တိုင်းရင်းသားအဖွဲ့ လူကြီးပိုင်းအနေဖြင့် ပါတီနိုင်ငံရေးသို့ ဝင်ရောက်ဆောင်ရွက်ရန်၊ လူလတ်ပိုင်းအနေဖြင့် စီးပွားရေးတောင့်တင်းခိုင်မာအောင် ဆောင်ရွက်ရန်နှင့် လူငယ်ပိုင်းအနေဖြင့် မိမိတိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရန် အသီးသီးဆောင်ရွက်နိုင်ရေး ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် ရှမ်းပြည်နယ်ကြီးတစ်ခုလုံးသည်သေနတ်သံတစ်ချက်မကြားရလောက်အောင် ငြိမ်းချမ်းရေးရရှိပြီး အတိုင်းအတာတစ်ခုအထိ တည်ငြိမ်အေးချမ်းမှု ရရှိနေပြီဖြစ်ကြောင်း။

တိုင်းရင်းသားများအားလုံးသည် နိုင်ငံတစ်နိုင်ငံအတွင်း အမိုးအကာတစ်ခုတည်းအောက်တွင် အတူနေထိုင်ကြသည့် မိသားစုဝင်များပင်ဖြစ်ရာ အချင်းချင်းရန်ပြုရန်စောင်နေကြမည့်အစား နားလည်ယုံကြည်မှုအပြည့်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် အတူတကွပူးပေါင်းဆောင်ရွက်ကြရန် အချိန်ကျရောက်နေပြီ ဖြစ်ကြောင်း။

စီးပွားရေးကဏ္ဍတွင် လယ်ယာကဏ္ဍကို အရှိန်အဟုန်မပျက် ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်နှင့် လယ်ယာစိုက်ပျိုးရေးကိုအခြေခံပြီး ခေတ်မီစက်မှုဖွံ့ဖြိုးရေးကို တိုးမြှင့်ဆောင်ရွက်ရန် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းသည် တစ်နိုင်ငံလုံး၏ စားနပ်ရိက္ခာလုံခြုံရေးအတွက် မလွဲမသွေ တိုးမြှင့်ကြိုးပမ်းဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ရာ သမားရိုးကျနည်းများအစား ခေတ်မီသိပ္ပံနည်းကျပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သီးနှံလေလွင့်ပြုန်းတီးမှုလျှော့ချရေး၊ အထွက်နှုန်းတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးပြီး ကြွယ်ဝချမ်းသာစေရေးအတွက်မူ ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးကို ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် သစ်ကို Value Added အချောထည်ထုတ်လုပ်ရောင်းချခြင်း၊ ရော်ဘာနှင့် ဆီအုန်းကဲ့သို့သော ကုန်ကြမ်းများကို ဆက်စပ်စက်ရုံများထူထောင်ပြီး ကုန်ချောထုတ်လုပ်ရောင်းချခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်သာ အပြည့်အဝအေးချမ်းသွားမည်ဆိုပါက နယ်စပ်မှပြန်လည်ဝင်ရောက်လာကြမည့် ပြည်သူများ၊ ပြည်ပရောက်အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းပြည်ပအရင်းအနှီးများပါဖိတ်ခေါ်ပြီး စက်ရုံ၊ အလုပ်ရုံများ ထူထောင်ဖွင့်လှစ်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံ၏လက်ရှိဆင်းရဲနွမ်းပါးမှုနှုန်း ၂၆ ရာခိုင်နှုန်းကို ထောင်စုနှစ်ရည်မှန်းချက်များနှင့်အညီ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းခန့်အထိဖြစ်လာအောင် လျှော့ချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူများများအလုပ်ရနိုင်သည့် စက်ရုံစုများတည်ထောင်နိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ IT နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ပြီး မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့ကို အားပေးမြှင့်တင်ဆောင်ရွက်လျက် စက်မှုနိုင်ငံထူထောင်ချိန်၌ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များ အသင့်ဖြစ်စေရန် ရည်မှန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မကြာမီတွင် လစ်လပ်မဲဆန္ဒနယ် ၄၈ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးမည်ဖြစ်ရာ ပွင့်လင်းမှုအရှိဆုံးနှင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ယနေ့မိမိတို့ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီသည် အနောက်နိုင်ငံဒီမိုကရေစီများနှင့် ထပ်တူမဖြစ်နိုင်ကြောင်း၊ မိမိနိုင်ငံ၊ မိမိပြည်သူတို့၏ ဓလေ့စရိုက်၊ ပကတိအခြေအနေမှန်များနှင့် လိုက်လျောညီထွေရှိပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖြစ်လာအောင် ရှမ်းပြည်နယ်အပါအဝင် ပြည်သူအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တောင်ကြီးမြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ထွက်ခွာရာ နေ့လယ်ပိုင်းတွင် ကျိုင်းတုံမြို့သို့ရောက်ရှိသည်။ (သတင်းစဉ်)

ABC National Women Pool 8 - Ball Championship ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၁

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် Ambur Electronic Co., Ltd. တို့ပူးပေါင်း၍ Myanmar Brewery Ltd. က အဓိက ကူညီပံ့ပိုးသော ပထမအကြိမ် ABC National Women Pool 8 - Ball Championship ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကုက္ကိုင်းရေကူးအသင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် နာယက ဗိုလ်မှူးကြီး ကျော်ဇံလှ(ငြိမ်း)၊ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် Myanmar Brewery Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Lim Yew Hoe တို့က ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အဖွဲ့ချုပ် နာယက က အဖွင့်အမှာစကားပြောကြားပြီး 8- Ball Pool ကို ကြူတံဖြင့် ထိုး၍ ပြိုင်ပွဲစတင်ကျင်းပသည်။

ပြိုင်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးမှ ၃၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ လေးဦး၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ တစ်ဦးစီ စုစုပေါင်း ၄၄ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၂-၃-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် "ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်"

၈း၁၅ ၂။ "ဖြတ်လျှောက်ရုံလေး လျှောက်ဖြစ်တော့မှာပါ" (ကျော်ဇေယျ၊ ဦးခိုင်တင်၊ မေသန်းနု၊ ပန်းဖြူ ဖူးချစ်) [ဒါရိုက်တာ- မောင်မောင်ဦး(စနိုးဝှိုက်)]

ညပိုင်း

၄း၃၀ ၁။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ပြည်သူ့ရေးရာအထူးပြု) (ပြည်သူ့ရေးရာ)

၅း၁၅ ၂။ "ခေတ်သစ်ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ပြုပြင်ပြောင်းလဲမှုများ" (အပိုင်း-၁)

၅း၃၅ ၃။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ

၆း၂၀ ၄။ ဆိုကြမယ်၊ ပျော်ကြမယ်

၇း၀၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၁၁)**

၇း၅၀ ၆။ "အလင်းတံခါးဖွင့်လှစ်လွှမ်းခြုံ နေမှာရေအားလျှပ်စစ်စက်ရုံရဲ့ရွာ"

၈း၀၀ ၇။ ပြည်တွင်းသတင်း

၈။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်

၉။ "ဒီမိုမွေးနေ့" (ရှက်တယ်၊ နိုင်လူ၊ ဝါးခယ်မရဲမောင်၊ ဇော်ဝင်းနိုင်၊ အေးအေးခိုင်၊ အိဖြိုးချယ်ရီ) (ဒါရိုက်တာ- အကယ်ဒမီဇော်မြင့်ဦး)

၁၀။ ကမ္ဘာကျော် သရုပ်ဆောင်များ

၁၁။ အိန္ဒိယရုပ်ရှင် "မေတ္တာသည်သာ" (အပိုင်း-၂၂)

ရမည်းသင်းမြို့ ရေဦးရေတံခွန်သို့ သွားရောက်လေ့လာအပန်းဖြေသူများပြား

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နှင့် ၁၀ မိုင်ခန့်အကွာတွင်တည်ရှိသော ရေဦးရွာအရှေ့ဘက်တောင်စွယ်ပေါ်တွင် ရေဦးရေတံခွန် တည်ရှိသည်။ **(အောက်ပုံ)** ရှေးယခင်ကပင် ယင်းရေတံခွန်ရှိခဲ့သော်လည်း သွားရောက်ရန် ခက်ခဲသည့်အတွက် အသွားအလာနည်းခဲ့သည်။

ယခုအခါ တစ်ရွာနှင့်တစ်ရွာသွားလာရန် ဆက်သွယ်ရေးလမ်းကြောင်းကောင်းမွန်ခြင်းနှင့် ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ထားခြင်းကြောင့် ရေဦးရေတံခွန်သို့ ဒေသအသီးသီးမှ လာရောက်၍ လေ့လာအပန်းဖြေကြသည်။

ယင်းရေတံခွန်သည် အရှေ့ရှမ်းရိုးမတောင်တန်းမှ ခွဲထွက်လာသော တောင်စွယ်တစ်ခုပေါ်မှ စီးဆင်းဖြာကျလာခြင်းဖြစ်သည်။ ရေဦးရွာသမီးဝှက်တောင်၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည်။ ခရိုင်ချင်းဆက်လမ်းမကြီးမှ အရှေ့ဘက်သို့ တစ်မိုင်ခန့်သာဝေးပြီး ဆိုင်ကယ်ဖြင့် တောင်ခြေအထိ သွားနိုင်သည်။

အပေါ်ရေတံခွန်၊ အောက်ရေတံခွန် ရေတံခွန်နှစ်ခုရှိသည်။ အောက်ရေတံခွန်မှာ အပေါ်ရေတံခွန်လောက် မမြင့်ပေ။ အပေါ်ရေတံခွန်သည် အမြင့်ပေ ၃၀ ကျော်မှ ရေများဖြာကျကာ သဘာဝအရဖြစ်တည်နေသော ကျောက်တုံး၊ ကျောက်ခဲအစုအဖွဲ့များဖြင့် လှပလျက်ရှိသည်။ တစ်နှစ်ပတ်လုံး ရေတံခွန်မှရေကျသည်ဟု သိရသည်။ စနေ၊ တနင်္ဂနွေနေ့နှင့် နေ့ကြီးရက်ကြီးများတွင် ရေဦးရေတံခွန်သို့ လာရောက်လေ့လာအပန်းဖြေသူ များပြားလျက်ရှိသည်ဟု ဒေသခံတစ်ဦးက ပြောသည်။

တစ်မြို့နှင့်တစ်မြို့ သွားလာရေး လွယ်ကူစေရန် ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ထားသောအကျိုးကြောင့် သွားလာရန် ခရီးမဝေး၊ သဘာဝအရ ဖြစ်တည်နေသော ရမည်းသင်းမြို့ ရေဦးရေတံခွန်မှာ ပူပြင်းလှသော နွေရာသီအတွက် လေ့လာအပန်းဖြေစရာ ဒေသသစ်တစ်ခုဖြစ်လာသည်။

(၆၅၄)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇ
များထံ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းမှ

☐ **ကျောဖုံးမှ**

ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာနေပြီဖြစ်ကြောင်း၊ စီးပွားရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများလည်း အများအပြားဝင်ရောက်လာရန် တာစူနေကြပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ပြည်နယ်အတွင်းရှိ အထူးဒေသ(၂) "ဝ" အဖွဲ့၊ အထူးဒေသ(၄) မိုင်းလားအဖွဲ့စသည့် တိုင်းရင်းသားအဖွဲ့များအနေဖြင့် ဒေသခံများနှင့် ပူးပေါင်းပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲလျက် ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းရေးစသည်ဖြင့် မိမိဒေသအကျိုးစီးပွားကို ကြိုးပမ်းမြှင့်တင်ဆောင်ရွက်နိုင်ကြတော့မည်ဖြစ်ကြောင်း။

ကျိုင်းတုံတွင် မြို့တော်ခန်းမကြီး၊ သာသနာ့ဗိမာန်၊ တက္ကသိုလ်ကျောင်းများ၊ ပြည်နယ်ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအပါအဝင် ကျိုင်းတုံဒေသ ဖွံ့ဖြိုးတိုးတက်နေမှုများကို တွေ့မြင်ရ၍ ဝမ်းသာမိပါ

နိုင်ငံတော်သမ္မတ ဦး
မိခင်နှင့်ကလေးစေ

နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဒေါ်ခင်ခင်ဝင်းသည် မတ် ၁၀ ရက် မွန်းလွဲပိုင်
ရေးရာရုံးခန်းမ၌ ခရိုင်နှင့်မြို့နယ် အမျိုးသ
စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များအား
အမှာစကားပြောကြားရာတွင် အမျိုးသမီး
ဝင်ငွေတိုးလုပ်ငန်းများ၊ အသေးစားချေးငွေ
လုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်ကြောင်း၊
သဖြင့် မြန်မာအမျိုးသမီးများ မိမိတို့ရိုးရာ
တန်ဖိုးထားစေရေးအတွက် အသိပညာ
တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တက်
ကျောင်းပိတ်ရက်ကာလများတွင် အသုံးလို
ဖွင့်လှစ်ပို့ချပေးသွားရန် လိုအပ်ကြောင်း။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသ
မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာ
ရာတွင် ပညာပေးဆောင်ရွက်သွားကြရန်ဖြစ်
တွင် ကျောင်းကျန်းမာရေးဆရာဝန်နှင့် ညှိနှိုင်း
ဆောင်ရွက်ပေးရန်နှင့် အရန်သားဖွားသင်
ကြောင်း၊ ဒေသအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေ
မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး
အတွင်း ခွဲစိတ်မှုမပြုနိုင်သည့်လူနာမျာ
စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ပံ့ပိုးကူညီ
များကိုလည်း ခွဲစိတ်ကုသနိုင်ရေး စီစဉ်ဆော
ကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်း
ပြောကြားသည်။

ထို့နောက် ကျိုင်းတုံခရိုင် အမျိုး
ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့
မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသ
တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်
ရာတွင် စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆေ
ထို့နောက် ခရိုင်နှင့် မြို့နယ်အမျိုးသ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဆရာတော်ကြီးများထံ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာနေပြီဖြစ်ကြောင်း၊ စီးပွားရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများလည်း အများအပြားဝင်ရောက်လာရန် တာစူနေကြပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ပြည်နယ်အတွင်းရှိ အထူးဒေသ(၂) "ဝ" အဖွဲ့၊ အထူးဒေသ(၄) မိုင်းလားအဖွဲ့စသည့် တိုင်းရင်းသားအဖွဲ့များအနေဖြင့် ဒေသခံများနှင့် ပူးပေါင်းပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲလျက် ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းရေးစသည်ဖြင့် မိမိဒေသအကျိုးစီးပွားကို ကြိုးပမ်းမြှင့်တင်ဆောင်ရွက်နိုင်ကြတော့မည်ဖြစ်ကြောင်း။

ကျိုင်းတုံတွင် မြို့တော်ခန်းမကြီး၊ သာသနာ့ဗိမာန်၊ တက္ကသိုလ်ကျောင်းများ၊ ပြည်နယ်ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီး အပါအဝင် ကျိုင်းတုံဒေသ ဖွံ့ဖြိုးတိုးတက်နေမှုများကို တွေ့မြင်ရ၍ ဝမ်းသာမိပါကြောင်း၊ ယခင်က ကျိုင်းတုံဒေသ လျှပ်စစ်မီးရရှိရေးအတွက် ပြည့်စုံအောင် မဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း ယခု ကျိုင်းတုံခရိုင် အပါအဝင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လျှပ်စစ်မီးရရှိရေးအတွက် အကောင်းဆုံး ကြိုးပမ်းဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ နမ့်လွေချောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျောက်မီးသွေး ထွက်သည့်ဒေသဖြစ်၍ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးအတွက်လည်း ကျောက်မီးသွေး၏ အရည်အသွေး စစ်ဆေးမှုဆောင်ရွက်ပြီး အရည်အသွေးပြည့်မီပါက စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကျိုင်းတုံမြို့ ရေရရှိရေးအတွက်လည်း သက်ဆိုင်ရာဌာနများက စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်နယ်ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို စီမံချက်ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိဒေသသုံးဆန်စပါး ဖူလုံမှုရှိသော်လည်း နောင်တိုးပွားလာမည့်လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးကို ကြိုတင်မြော်တွေးစဉ်းစားပြီး ဒေသခံပြည်သူ အားလုံးအနေဖြင့် စိတ်ဓာတ်ပြောင်းလဲမှု၊ လုပ်နည်းလုပ်ဟန်ပြောင်းလဲမှု၊ မြေယာပြုပြင်ပြောင်းလဲမှု၊ ခေတ်မီစိုက်ပျိုးနည်းစနစ် ပြောင်းလဲမှုနှင့် အထွက်တိုးမျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးမှု စသည်တို့ကို ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တစ်ဖက်ကလည်း တိုင်းပြည်ကြွယ်ဝချမ်းသာရန် ခေတ်မီစက်မှုနိုင်ငံထူထောင်ရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းထုတ်လုပ်ရောင်းချသည့်အဆင့်မှသည် တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်ရောင်းချနိုင်မည့် စက်ရုံ၊ အလုပ်ရုံများ အင်နှင့်အားနှင့် ထူထောင်နိုင်အောင် ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ထူထောင်နိုင်ပါက အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာပြီး ယနေ့ ဒေသခံလူငယ်များ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေရသည့် အခက်အခဲများ ပြေလည်သွားမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ ထူထောင်နိုင်ရန် ပြည်တွင်းသာမက ပြည်ပမှပါ အရင်းအနှီးများဖိတ်ခေါ်ဆောင်ရွက်ရမည်ဖြစ်ရာ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းလုံခြုံမှု အမြန်ဆုံးရရှိရန် အထူးအရေးကြီးပါကြောင်း။

တစ်ဖက်ကလည်း ပေါ်ပေါက်လာသည့် စက်မှုလုပ်ငန်းများအတွက် ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်လေ့ကျင့်ပေးရန် လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်ကြီးသည် ဧရိယာကျယ်ဝန်းလှသည့်အတွက် အထူးဖွံ့ဖြိုးရေးဒေသ(၄)ခု ခွဲခြားသတ်မှတ်၍ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဖြည့်ဆည်းမှုများ ဖော်ဆောင်တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်အတွက် ဒေသခံလူငယ်များ၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို အလေးထားပြုစုပျိုးထောင်သွားကြစေလိုကြောင်း၊ ယနေ့ကမ္ဘာကြီးဝယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အထူးအလေးထား ဆောင်ရွက်ကြရမည့် ကဏ္ဍတစ်ရပ်ဖြစ်လာကြောင်း၊ နာဂစ်မုန်တိုင်း၊ တာလေငလျင်ကဲ့သို့သော ကြီးမားပြင်းထန်သည့် သဘာဝဘေးကြီးများသည် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၏ အကျိုးဆက်ဆိုးကျိုးများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအားလုံး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အမြင်ရှိကြပြီး သစ်တောသစ်ပင်ထိန်းသိမ်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် ရော်ဘာ၊ မက္ကဒေးမီးယားတို့ကိုလည်း တောင်ယာစိုက်ပြီး တောပြုန်းနေသည့် နေရာများတွင် အစားထိုးစိုက်ပျိုးကြရန်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီးသို့ ရောက်ရှိပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ အမှူးပြုသော ကျိုင်းတုံမြို့မှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုသည်။

အခမ်းအနားတွင် ကျိုင်းယင်းကျောင်းတိုက်မှ ဂုဏ်ရှမ်းဂိုဏ်းချုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က ဆရာတော်ကြီးများအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဖြူဖြူညွန့် တို့က သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်ကြီးများအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျိုင်းတုံမြို့ ထေရဝါဒတောင်တန်းသာသနာပြု(ဗဟို) ကျောင်းဆရာတော် သာသနဓဇတက္ကသီလမဟာဓမ္မာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ကျိုင်းတုံခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် မတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ရှိ ခရိုင်အမျိုးသမီးရေးရာရုံးခန်းမ၌ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များအား တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ဇနီးက အမှာစကားပြောကြားရာတွင် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် အမျိုးသမီးများ ဝင်ငွေတိုးလုပ်ငန်းများ၊ အသေးစားချေးငွေလုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသသည် နယ်စပ်ဒေသဖြစ်သဖြင့် မြန်မာအမျိုးသမီးများ မိမိတို့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို မြတ်နိုးတန်ဖိုးထားစေရေးအတွက် အသိပညာပေးရန်၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်၊ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အသုံးလုံးသင်တန်း၊ အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားရန် လိုအပ်ကြောင်း။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအနေဖြင့်လည်း ဒေသတွင်းရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပညာပေးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးဆရာဝန်နှင့် ညှိနှိုင်း၍ ကလေးများ၏ သွားကျန်းမာရေးကို ဆောင်ရွက်ပေးရန်နှင့် အရန်သားဖွားသင်တန်းကို စဉ်ဆက်မပြတ်ဖွင့်လှစ်စေလိုကြောင်း၊ ဒေသအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ စာရင်းကောက်ယူပြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သို့ စာရင်းပေးပို့ရန်နှင့် မိမိဒေသအတွင်း ခွဲစိတ်မှုမပြုနိုင်သည့်လူနာများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ မျက်စိဝေဒနာရှင်များကိုလည်း ခွဲစိတ်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားကြရန်နှင့် စေတနာညကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ အဖွဲ့ဝင်တစ်ဦးတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ဇနီးက လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့အတွက် နိုင်ငံတော်သမ္မတနှင့်ဇနီးမိသားစုက ငွေကျပ် ငါးသိန်းစီ၊ ရွှေသံလွင်ကုမ္ပဏီနှင့် ကမ္ဘောဇဘဏ်လီမိတက်တို့က ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ စီနှင့် ရွှေသံလွင်ကုမ္ပဏီက Sky Net (DTH) ရုပ်သံဖမ်းစက် နှစ်စုံစီတို့ကို ပေးအပ်လှူဒါန်းကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ကျိုင်းတုံဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် ကျိုင်းတုံဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး ဘိုးဘွားများအတွက် နိုင်ငံတော်သမ္မတနှင့်ဇနီး မိသားစုက ငွေကျပ်ငါးသိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီနှင့် ကမ္ဘောဇဘဏ်လီမိတက်တို့က ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ နှင့် Sky Net (DTH) ရုပ်သံဖမ်းစက်တစ်စုံကို ပေးအပ်လှူဒါန်းကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ကျိုင်းတုံခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ၏ဇနီးသည် ကျိုင်းတုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ရောက်ရှိပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အာဟာရဖြည့်အစားအစာများနှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ကာ ကျန်းမာရေးနှင့်အညီ စားသောက်နေထိုင်ရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးမိသားစုက ငွေကျပ်ငါးသိန်း၊ ရွှေသံလွင်ကုမ္ပဏီနှင့် ကမ္ဘောဇဘဏ်လီမိတက်တို့က မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျိုင်းငမ်းကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသို့ရောက်ရှိပြီး နိုင်ငံတော်သမ္မတ၏ဇနီးက ကျောင်းအုပ်ကြီးနှင့် ဆရာမများ၊ တာဝန်ရှိသူများအား ကျောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးမိသားစုက ငွေကျပ်ငါးသိန်း၊ ရွှေသံလွင်ကုမ္ပဏီက Sky Net (DTH) ရုပ်သံဖမ်းစက်တစ်စုံကို ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစု ဘုရားဖူးခရီးစဉ် စတုတ္ထအဖွဲ့ ဆီမီး (၁၅၀၀)ထွန်းညှိပူဇော်

ရန်ကုန် မတ် ၁၁

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများ စိတ်ပျော်ရွှင်ချမ်းမြေ့စေရန်နှင့် လုပ်ငန်းခွင်စွမ်းရည်ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းမိသားစု ဘုရားဖူးခရီးစဉ် စတုတ္ထအဖွဲ့**(၀ဲပုံ)**သည် မတ် ၁၀ရက် ညနေ ၆နာရီတွင် ဆံတော်ရှင် ကျိုက်ထီးရိုး ရင်ပြင်တော်ပတ်လမ်းပရိဝုဏ်၌ စေတီတော်မြတ်ကြီးအား ဆီမီး (၁၅၀၀) ထွန်းညှိ ပူဇော်ကြသည်။

ကြေးမုံသတင်းစာတိုက် မန်နေဂျာ ဦးဇော်ဝင်းနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် မန်နေဂျာ ဦးလှရွှေတို့ ဦးဆောင်၍ ဘုရားဖူးအဖွဲ့ ဝန်ထမ်းမိသားစုအင်အား ၉၂ ဦးတို့က ဆီမီး(၁၅၀၀)ထွန်းညှိပူဇော်ကြရာ ဘုရားဖူးလာရဟန်းရှင်၊ လူ၊ ပရိသတ်များကပါ ပေါင်းစုညီညာ၊ ဝိုင်းစုကာဖြင့် စုပေါင်းမျှတူ၊ ကုသိုလ်ယူ၍ ဆီမီးထွန်းညှိ ပူဇော်ကြသည့်အတွက် ရင်ပြင်တော်ပရိဝုဏ်တစ်ခုလုံး ရောင်ဝါဆီမီးထိန်ထိန်ညီး၍ ကုသိုလ်ပြယ်သံ ဘဝဂ်ညံခဲ့သည်။

မတ် ၁၁ ရက် နံနက်ပိုင်းတွင် စေတီတော်ကြီးအား အရုဏ်ဆွမ်းကပ်လှူပြီး ဝန်ထမ်းမိသားစုများက ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး ဘက်စုံလုပ်ငန်းအတွက် အလှူငွေကျပ်တစ်သိန်းကို စေတီတော်ဂေါပကအဖွဲ့ရုံးသို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။

အပြန်ခရီးတွင် ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရား၊ ပဲခူး ဆုတောင်းပြည့်ရွှေမော်ဓောဘုရားနှင့် ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ဝင်ရောက်ဖူးမြော်ကြပြီး စိမ်းလဲ့တင် အပန်းဖြေဥယျာဉ်သို့ အပန်းဖြေ ကြည့်ရှုလေ့လာခဲ့ကြသည်။ ဘုရားဖူးနောက်ဆုံးခရီးစဉ်ဖြစ်သည့် ခရီးစဉ်ပဥ္စမအဖွဲ့ကို မတ် ၁၆ ရက်တွင် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

Southern ကို ဇေယျာရွှေမြေဂိုးပြတ်သွင်း

ရန်ကုန် မတ် ၁၁

MNL Myanmar 2012အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၉)တတိယနေ့ပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဇေယျာရွှေမြေအသင်းက Southern အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဇေယျာရွှေမြေ - လေးဂိုး
(ဆာဆာ၊ စိုးမြတ်သူ၊ အောင်ချမ်းမိုးနှင့် နိုင်ကိုလင်း)

Southern Myanmar - တစ်ဂိုး
(အောင်ရဲထွဋ်)

ယခုရာသီတွင် ရုန်းကန်နေရပြီး ရလဒ်မကောင်းသေးသည့် Southern အသင်းမှာ ယခုပွဲတွင်လည်း ဇေယျာရွှေမြေကို ယှဉ်ပြိုင်ကစားနိုင်ခြင်းမရှိဘဲ အရှုံးပေးခဲ့ရပြန်သည်။ ဇေယျာရွှေမြေအသင်းမှာ အသင်းခေါင်းဆောင် ဇော်လင်းထွန်းနှင့် တိုက်စစ်မှူး ကျော်ကိုကိုတို့မှလွဲ၍ လူစုံပါဝင်ကစားခဲ့ပြီး ပွဲချိန်တစ်လျှောက်ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ဇေယျာရွှေမြေအသင်းအတွက် အနိုင်ဂိုးများကို ၂၃ မိနစ်တွင် ဆာဆာ၊ ၃၁ မိနစ်တွင် စိုးမြတ်သူ၊ ၄၇ မိနစ်တွင် အောင်ချမ်းမိုးနှင့် ၆၆ မိနစ်တွင် နိုင်ကိုလင်းတို့က သွင်းယူပေးခဲ့သည်။ Southern အတွက် ချေပဂိုးကို ၉၁ မိနစ်တွင် အောင်ရဲထွဋ်က သွင်းယူခဲ့သည်။



ဇေယျာရွှေမြေအတွက် ဒုတိယဂိုးကို စိုးမြတ်သူက သွင်းယူခဲ့ရာ Southern ဂိုးသမားဇာနည်မင်း မကာကွယ်နိုင်ဘဲ ဂိုးပေးလိုက်ရစဉ်။

သတင်းနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

ယနေ့ပွဲ

(အောင်ဆန်းကွင်း)
မနောမြေ - ရန်ကုန်ယူနိုက်တက်
(ဗထူးကွင်း)
ရတနာပုံ - ရောဝတီယူနိုက်တက်

နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်ကို သိမြင်၍ တောတွင်းလက်နက်ကိုင်အဖွဲ့များ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်

နေပြည်တော် မတ် ၁၁

နိုင်ငံတော်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသော ဒေမိုကရေစီနိုင်ငံတော်ကြီးအား တပ်မတော်၊ ပြည်သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်နေချိန်တွင် နိုင်ငံတော်နှင့် တပ်မတော်တို့၏ သဘောထားအမှန်ကို သိမြင်လာသော တောတွင်းလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ရင်ခွင်သို့ ဝင်ရောက်ခိုလှုံလျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ဖေဖော်ဝါရီ ၂၈ ရက်တွင် မွန်(ခွဲထွက်) ဓားပြအဖွဲ့မှ နိုင်ဘင်ခေါင်းဆောင်သော အင်အား ခြောက်ဦးသည် အမ်-၂၀ ပစ္စတိုတစ်လက်၊ ၎င်းကျည် ၁၀ တောင့်တို့ဖြင့် လည်းကောင်း၊ မတ် ၅ ရက်တွင် အဆိုပါအဖွဲ့မှ နိုင်မွန်ချမ်းခေါင်းဆောင် အင်အား ၁၀ ဦးသည် အာရ်ပီဂျီ တစ်လက်၊ လက်နက်ငယ်မျိုးစုံ ၁၀ လက်၊ ကျည်မျိုးစုံ ၁၆၂ တောင့်၊ အာရ်ပီဂျီဗုံးသီး သုံးလုံး၊ ပို့ကျည် နှစ်တောင့်၊ ကျည်အိမ်မျိုးစုံ ခုနစ်ခု၊ ရှေ့ထွက်မိုင်း နှစ်လုံး၊ လမ်းလျှောက်စကားပြောစက် သုံးလုံးတို့ဖြင့် လည်းကောင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ် ဝင်ရောက်ခဲ့ကြသူများအား သက်ဆိုင်ရာနယ်မြေများမှ တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုလျက် လိုအပ်သည်များ ကူညီထောက်ပံ့ပေးပြီး အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ် ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

နေပေါက်ကွဲမှုဖြစ်စဉ်များကြောင့် ကမ္ဘာမြေ၌ ဂြိုဟ်တုဆက်သွယ်ရေးစနစ်များ အထစ်အငေါ့ဖြစ်နိုင်

ဝါရှင်တန် မတ် ၁၁

နေ၏ မျက်နှာပြင်ပေါ်၌ မတ် ၁၀ ရက်တွင် ပေါက်ကွဲမှု အသစ်နှစ်ရပ် ဖြစ်ပွားခဲ့ရာ လျှပ်စစ်ဓာတ်ဆောင် ဓာတ်ငွေ့ အမှုန်စုများနှင့် လျှပ်စစ်ဓာတ်ဆောင် အမှုန်များ အာကာသအတွင်း လွှင့်ပျံ့ထွက်ခဲ့ရကြောင်း သိရသည်။

အဆိုပါ နေမျက်နှာပြင် ပေါက်ကွဲမှုနှစ်ရပ်လုံးကို အမ်အတန်းအစား နေပေါက်ကွဲမှုများအဖြစ် သတ်မှတ်ထားပြီး အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ) ၏ ဂေါ့ဒက်ဒ် အာကာသပျံသန်းရေးဗဟိုဌာန၏ အဆိုအရ ကမ္ဘာ့စံတော်ချိန် နံနက် ၁၂ နာရီ ၂၇ မိနစ်နှင့် မွန်းလွဲ ၁၂ နာရီ ၄၄ မိနစ်တို့၌ အသီးသီး ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယင်းပေါက်ကွဲမှုနှစ်ရပ်ဖြစ်ပေါ်နေသည့် အေအာရ် ၁၄၂၉ အမည်ရှိဇုန်၌ အင်အားပြင်းထန်သော အိတ်စ်အတန်းအစား နေပေါက်ကွဲမှုဖြစ်စဉ် သုံးကြိမ်ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။

နေပေါက်ကွဲမှုများကို အဆင့်အတန်းခွဲခြားနိုင်ရန် ၎င်းတို့၏ ပေါက်ကွဲမှုအင်အားနှင့် ပြင်းထန်မှုတို့အပေါ် မူတည်၍ အေ၊ ဘီ၊ စီ၊ အမ်နှင့် အိတ်စ် အတန်းအစားများဟူ၍ သိပ္ပံပညာရှင်များက ခွဲခြားသတ်မှတ်လေ့ရှိသည်။

အေအတန်းအစား နေပေါက်ကွဲမှုများသည် အင်အားအနည်းဆုံး နေမုန်တိုင်းအမျိုးအစားများဖြစ်ပြီး အိတ်စ်အတန်းအစား နေပေါက်ကွဲမှုများသည် အင်အားအပြင်းထန်ဆုံးဖြစ်သည်။

မတ် ၁၀ ရက် နေပေါက်ကွဲမှုများမှ ထွက်ပေါ်လာသော လျှပ်စစ်ဓာတ်ဆောင် အမှုန်လှိုင်းများသည် မတ် ၁၂ ရက်တွင် ကမ္ဘာမြေသို့ ရိုက်ခတ်မည်ဟု မျှော်လင့်ရသည်။

ယင်းအမှုန်များ ကမ္ဘာမြေသို့ ရိုက်ခတ်လာပါက ဂြိုဟ်တုဆက်သွယ်ရေးစနစ်များ အထစ်အငေါ့ဖြစ်ခြင်းနှင့် မြေပြင်ပေါ်၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းများပင် ဖြစ်ပွားနိုင်ကြောင်း သိရသည်။

ကမ္ဘာမြေ၏ လျှပ်စစ်သံလိုက်စက်ကွင်းနှင့် နေပေါက်ကွဲမှုမှ ထွက်ပေါ်လာသော လျှပ်စစ်ဓာတ်ဆောင်အမှုန်များ ထိရိုက်ချိန်၌ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းများမှ အလင်းရောင်များထွက်ပေါ်လာနိုင်ကြောင်း သိရသည်။

အင်တာနက်။

နေ၏မျက်နှာပြင်ပေါ်၌ ဖြစ်ပွားတတ်သော နေပေါက်ကွဲမှုဖြစ်စဉ်တစ်ရပ်ကို မတ် ၆ ရက်က တွေ့ရစဉ်။

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကီရီဘာတီကျွန်းနိုင်ငံ၌ ငါးမျှားနေသော ကျွန်းသားတစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ- အင်တာနက်)

ရာသီဥတုပြောင်းလဲမှုကြောင့် ပစိဖိတ်ဒေသမှ ကီရီဘာတီကျွန်းနိုင်ငံတစ်ခုလုံး တစ်နေ့နေ့တစ်ချိန်ချိန်၌ ဖီဂျီကျွန်းနိုင်ငံသို့ ရွှေ့ပြောင်းရဖွယ်ရှိဟုဆို

တာရာဝါ မတ် ၁၁

ရာသီဥတုပြောင်းလဲမှုကြောင့် ကျွန်းမြေတစ်ခုလုံး ပျောက်ကွယ်မည့်အရေး စိုးရိမ်လျက်ရှိသော ပစိဖိတ်ဒေသရှိ ကီရီဘာတီကျွန်းနိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များသည် အရေးကြုံလာပါက ကျွန်းနေပြည်သူများကို ဖီဂျီကျွန်းနိုင်ငံသို့ ရွှေ့ပြောင်းပေးမည့် စီမံချက်တစ်ရပ်အား ရေးဆွဲထားကြောင်း မတ် ၁၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဖီဂျီနိုင်ငံ၏ အဓိကကျွန်းမကြီးဖြစ်သော ဗီတီလီဗူကျွန်းပေါ်၌ မြေဧက ၆၀၀၀ နီးပါး ဝယ်ယူမည့်စီမံချက်တစ်ရပ်ကို မိမိတို့ အစိုးရအဖွဲ့အနေဖြင့် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ကီရီဘာတီသမ္မတအနိုတီတွန်က မတ် ၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်ဒေါ်လာ ၉ ဒသမ ၆ သန်း တန်ဖိုးရှိ ယင်းမြေအကျယ်အဝန်းသည် ကီရီဘာတီကျွန်းနိုင်ငံ လူဦးရေ ၁၀၃၀၀၀ ၏ အနာဂတ်အတွက် အာမခံချက်တစ်ရပ်ဖြစ်လာနိုင်ကြောင်း သမ္မတအနိုတီတွန်က ပြောကြားခဲ့သည်။ ဝယ်ယူထားသော မြေများသည် မိမိအပါအဝင် လူတိုင်းအတွက်မဟုတ်ဘဲ ကီရီဘာတီကျွန်း၏ အနာဂတ်မျိုးဆက်များအတွက် ဖြစ်ကြောင်း သမ္မတအနိုတီတွန်ကဆိုသည်။

ကီရီဘာတီကျွန်းသည် နိုင်ငံတကာနေ့စွဲမျဉ်းအနီးရှိ အီကွေတာမျဉ်းပေါ်တွင် ခွလျက်တည်ရှိပြီး ကျွန်းမြေအတော်များများမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေအနည်းငယ်မျှသာမြင့်ရာ ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ရေအောက် နစ်မြုပ်နိုင်ဖွယ်ရှိသည့် နိုင်ငံဒေသများစာရင်း၌ ပါဝင်သည်။

သမ္မတအနိုတီတွန်၏အဆိုအရ သစ်ပင်နှင့်ကောက်ပဲသီးနှံများ ရှင်သန်ရေးအတွက်အရေးကြီးသော ကျွန်း၏မြေအောက်ရေချိုများတွင် ပင်လယ်ရေစိမ့်ဝင်ရောနှောလာသည့် သက်သေအထောက်အထားများ ပိုမိုတွေ့ရှိလာရကြောင်း သိရသည်။

သိပ္ပံပညာရှင်အချို့၏ ခန့်မှန်းချက်အရ ပစိဖိတ်ဒေသ၌ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုနှုန်းသည် တစ်နှစ်လျှင် သုည ဒသမ ၁ လက်မခန့်ရှိပြီး ရာသီဥတုပြောင်းလဲမှုကြောင့် ရေမျက်နှာပြင်မြင့်တက်မှုနှုန်း ပိုမိုမြန်ဆန်လာမည်ဟု မျှော်လင့်ရသည်။

အင်တာနက်။

မိမိတို့သည် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်ကို အတတ်နိုင်ဆုံးဖြည့်ဆည်းရန် သန္နိဋ္ဌာန်ချဆောင်ရွက်နေ ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှု တိုးတက်လာသည်နှင့်အမျှ ပြည်ပဖိအားများ လျော့ကျပြီး ထိတွေ့ဆက်ဆံမှုများ တိုးတက်လာ

စီးပွားရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများလည်း အများအပြားဝင်ရောက်လာရန် တာစူနေကြပြီ

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် တောင်ကြီးမြို့မှ ကျိုင်းတုံမြို့သို့ရောက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တွဲဖက်ပြည်နယ်အဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက ခရိုင်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ မျိုးနွယ်စုအလိုက်နေထိုင်မှု၊ မြေအသုံးချမှု၊ အဓိကသီးနှံများ စိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စက်မှုလက်မှုလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား၊ စွမ်းအင်၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တွင်

ယင်းနောက် နိုင်ငံတော်သမ္မတက တက်ရောက်လာသူများအား နှုတ်ခွန်းဆက်စကားပြောကြားပြီး လမ်းညွှန်မှာကြားရာတွင် ကျိုင်းတုံမြို့ ကျိုင်းတုံဒေသသည် မိမိ၏ဇာတိမြေဟုဆိုလျှင် မမှားပါကြောင်း၊ မိမိသည် အရာရှိငယ်ဘဝ စစ်ရေးတာဝန်များအပြင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် အကြီးအကဲအဖြစ်ပါ တာဝန်ထမ်းဆောင်ရင်း ကျိုင်းတုံဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူအားလုံးနှင့် မိသားစုဝင်ဆွေမျိုးသားချင်းပမာ ရင်းနှီးခင်မင်ပြီးဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့သစ် တာဝန်ယူပြီးနောက် ဤဒေသသို့ မိမိ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ပြီး ဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ကွင်းဆင်းဆောင်ရွက်နေသည့် မိုးပွင့်စီမံချက်နှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုဆိုင်ရာများနှင့် နမ့်လွေချောင်းရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

အစိုးရအဖွဲ့သစ်လက်ထက် ဆောင်ရွက်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်(၂)ရပ်ဖြင့် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ပါကြောင်း။

မိမိတို့အစိုးရသည် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ပြည်သူတို့၏ အဓိကဆန္ဒကြီး (၂)ရပ်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို အစဉ်တစိုက် ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းပြီး ပြည်တွင်းနိုင်ငံရေးတည်ငြိမ်အောင် တည်ဆောက်နိုင်ခဲ့ပြီဖြစ်သကဲ့သို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ကမ်းလှမ်းဖိတ်ခေါ်ဆွေးနွေးပြီး ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့အချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၉)ဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုတိုးတက်လာသည်နှင့်အမျှ ပြည်ပဖိအားများ လျော့ကျပြီး ထိတွေ့ဆက်ဆံမှု၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

ယနေ့ သတင်း အညွှန်း

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KIO ဗဟိုကိုယ်စားလှယ်အဖွဲ့တို့ သဘောတူ ကြေညာချက်ထုတ်ပြန်

ပြည်တွင်းသတင်း စာမျက်နှာ ၂

မန္တလေးမြို့ မဟာသကြၤန် မဏ္ဍပ်များ ကျုံးပတ်လည်၌ မဲစနစ်ဖြင့် နေရာချမည်

ပြည်တွင်းသတင်း စာမျက်နှာ ၃

နေပေါက်ကွဲမှုဖြစ်စဉ်များကြောင့် ကမ္ဘာမြေ၌ ဂြိုဟ်တုဆက်သွယ်ရေးစနစ်များ အထစ်အငေါ့ ဖြစ်နိုင်

နိုင်ငံတကာသတင်း စာမျက်နှာ ၁၀